ကေတုပဏ္ဍောစာစဉ်(၇)



# အင်တာဗျူးအစ အရှင်မောဂ္ဂလ္လာန်က

အရှင်ကုဏ္ဍဒ္ဓိကာဘိဝံသ



## ဓမ္မဒါနကုသိုလ်ရှင်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်
၉×၁ဝလမ်းကြား၊ ၇၆×၇၇လမ်းကြား၊
၃၄-ကွက်၊ အမှတ်(၇၂) ထားဝယ်ရပ်၊

**ဦးဇော်နိုင်+ဒေါ်ခင်နှင်းနှင်းရီ**

သမီး- မခင်ဖြိုးဖြိုးသော်၊ သား-မောင်ဝေယံဖြိုးဦး
မိသားစုတို့က
ဤ "**အင်တာဗျူးအစ အရှင်မောဂ္ဂလာန်က**"
စာအုပ်အတွက် အလှူတော်ငွေ ငါးသိန်းကျပ်ကို
ဓမ္မဒါနအဖြစ် လှူဒါန်းပါသည်။

သာသနာတော်ထွန်းကားပြန့်ပွားရေး
အမှတ် ၂၇၂၈၁
ရက်စွဲ ၁-၇-၂၀၁၀
စာကြည့်တိုက်

# ပုံနှိပ်မှတ်တမ်း

သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်
ညွှန်ကြားရေးမှူးဦးဝင်းနိုင်မှ ရိုက်နှိပ်ခွင့်ပြုသည်။
ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ် ၀၃၈၄၃/၀၂၄၀၅
စာအမှတ် ၁၁၉/၀၁/ပုံနှိပ် သ·သ·န-၁၀

ထုတ်ဝေသည့်ကာလ-၂၀၁၀·မတ်လ

ပုံနှိပ်သူ
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်အတွက် ဒေါ်မော်ရီ
စိန်ခြယ်ပုံနှိပ်တိုက်၊ ၃၂-လမ်း၊ ရန်ကုန် မှ ပုံနှိပ်သည်။

ပန်းချီ = ကိုကိုကြီး
မျက်နှာဖုံးဒီဇိုင်း = အရှင်ဇနက(န·ပ·သ၊ရန်ကုန်)

တန်ဖိုး = ၈၀၀ ကျပ်

# အင်တာဗျူးအစ
# အရှင်မောဂ္ဂလ္လာန်က

---

မန္တလေးမြို့ မှန်ကင်းပဋ္ဌာနတာရုံကျောင်းတိုက်
အရှင်ကုဏ္ဍိကာဘိဝံသ တင်ပြသည်။

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၁။ | အင်တာဗျူးအစ အရှင်မောဂ္ဂလ္လာန်က | ၁ |
| ၂။ | မှန်တဲ့စကားကိုသာ ပြောခဲ့လို့ နတ်သမီးဖြစ်ရပုံ | ၈ |
| ၃။ | ကျွန်မဖြစ်စဉ်က စိတ်မဆိုးခဲ့လို့ နတ်သမီးဖြစ်ရပုံ | ၂၀ |
| ၄။ | ကျွန်လေးမျိုးနှင့် ကျွန်ကို ရဟန်းခံမပေးရပုံ | ၂၉ |
| ၅။ | သူဌေးသမီးဘဝမှ ကျွန်မဖြစ်ရတဲ့ ခုဇ္ဇုတ္တရာအကြောင်း | ၃၄ |
| ၆။ | နည်းနည်းလေးပေးလှူခဲ့ပေမယ့် ခမ်းနားကြီးကျယ်တဲ့ နတ်စည်းစိမ်ကို ခံစားရတဲ့ နတ်သမီးများ | ၅၄ |
| ၇။ | ဥစ္စုပေတ ဝတ္ထု-ကြံခင်းရှင်ပြိတ္တာဝတ္ထု | ၆၆ |
| ၈။ | ယန်းတစ်ပွင့်သာ လှူခဲ့တဲ့ မထေရ်များ | ၇၁ |
| ၉။ | ယန်း၊ ဆွမ်းတစ်ထပ်၊ ဆွမ်းတစ်ဇွန်း လှူခဲ့တဲ့ထေရီများ | ၇၉ |
| ၁၀။ | ပကာသနအလှူကြောင့် စီးပွားပျက်ရ | ၉၂ |
| ၁၁။ | မားပြငါးရာတို့ရဲ့ လက်ချက်ဖြင့် အရှင်မဟာမောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံရခြင်း | ၁၀၄ |
| ၁၂။ | ဂုဏ်ပြုမှတ်တမ်းလွှာ | ၁၂၃ |

# အမှာစာ

=======

သာကီဝင်မင်းသား မြတ်စွာဘုရားရဲ့ သားတော်ဖြစ်တော်မူတဲ့ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ဟာ အခါအားလျော်စွာ နတ်ပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူပါတယ်။

ဥယျာဉ်ဗိမာန် ပဒေသာပင် စည်းစိမ်ဥစ္စာ အဖြာဖြာတို့နှင့်ပြည့်စုံနေတဲ့ ကိုယ်ရောင်ကိုယ်ဝါတို့နှင့် လှပတင့်တယ်နေတဲ့ ချမ်းသာအမျိုးမျိုးတို့နှင့် ပြည့်စုံကြတဲ့ နတ်သား နတ်သမီးများနဲ့ တွေ့ရ၊ဆုံရတဲ့အခါ လူပြည် လူ့ဘဝတုန်းက သူတို့ပြုခဲ့တဲ့ ကောင်းမှုအမျိုးမျိုး ကုသိုလ်အမျိုးမျိုးကို မေးတော်မူပါတယ်။

လူပြည်ပြန်ရောက်တဲ့အခါ အဘယ်နတ်သား အဘယ်နတ်သမီးဟာ ဘယ်လိုကောင်းမှုကုသိုလ်ကို ပြုခဲ့တဲ့အတွက်ကြောင့် နတ်စည်းစိမ် နတ်ချမ်းသာကို ခံစားရကြောင်း လူတို့အားပြန်လည် ဟောပြတော်မူပါတယ်။

လူတွေက အရှင်မဟာမောဂ္ဂလ္လာန်ရဲ့ ဟောပြတော်မူတဲ့ စကားကို ကြားရတဲ့အခါ ဆောင်စရာ လိုက်နာစရာ ကျင့်ကြံစရာတို့ကို

ဆောင်ကြပါတယ်။ လိုက်နာကြပါတယ်။ ကျင့်ကြံကြပါတယ်။

အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်ဟာ တစ်ရံတစ်ခါမှာ ငရဲပြည်သို့လည်း ခရီးဒေသစာရီ ကြွချီတော်မူပါတယ်။

ဆင်းရဲဒုက္ခ ခံစားနေကြရတဲ့ ငရဲသူ၊ငရဲသားတို့နဲ့ တွေ့ရဆုံရတဲ့အခါ လူ့ပြည် လူ့ဘဝတုံးက သူတို့ပြုခဲ့တဲ့ မကောင်းမှုအကုသိုလ်တို့ကို မေးတော်မူပါတတယ်။

အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ဟာ လူ့ပြည်ပြန်ရောက်တဲ့အခါ အဘယ်ငရဲသားဟာ အဘယ်သို့သော မကောင်းမှုအကုသိုလ်ကို ပြုခဲ့တဲ့အတွက်ကြောင့် ငရဲပြည်မှာ ဆင်းရဲဒုက္ခခံစားနေရတဲ့အကြောင်း လူတို့အား ပြန်လည် ဟောပြတော်မူပါတယ်။

လူတွေက အရှင်မဟာမောဂ္ဂလ္လာန် ဟောပြတော်မူတဲ့ ငရဲပြည်ရဲ့ ကြောက်ရွံ့ယ် ထိန့်လန့်ဖွယ် ဆင်းရဲဒုက္ခ အမျိုးမျိုးကို ကြားရတဲ့အခါ ရှောင်စရာတို့ကို ရှောင်ကြဉ်ကြပါတယ်။

အရှင်မဟာမောဂ္ဂလ္လာန်ရဲ့ တွေ့ဆုံမေးမြန်းခန်းဟာ လူသားတွေအတွက် ဆောင်ရန် ရှောင်ရန် အချက်လက်များ ဖြစ်ကြပါတယ်။

ဆောင်စရာတွေကို လက်တွေ့လိုက်နာကျင့်သုံးမယ်။ ရှောင်စရာတွေကို လက်တွေ့ရှောင်ကြဉ်မယ်ဆိုပါက လူသားတို့

အား မျက်မှောက်,သံသရာ နှစ်ဖြာသောဘဝမှာ အကျိုးစီးပွါး ဖြစ်ကြောင်း ချမ်းသာကြောင်းများ မုချဧကန် အမှန်ပင် ဖြစ်ပါတယ်။

ဒါကြောင့် အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ရဲ့ နတ်သမီးတို့နဲ့ တွေ့ဆုံမေးမြန်းခန်းကို **"အင်တာဗျူးအစ အရှင်မဟာမောဂ္ဂလ္လာန်က"** အမည်နဲ့ ဟောစဉ်တရားတော်ကို--

**မှန်ကင်းပဓ္ဓောတာရုံစာသင်တိုက်ရဲ့ ၂၅-နှစ်ပြည့်**

**လောကမှန်ကင်းကျောင်းတိုက်ကြီးရဲ့ နှစ် ၁၅၀-ပြည့်**

သာသနာ့အောင်ပွဲ အထိမ်းအမှတ်အဖြစ် ကေတုပဓ္ဓောစာစဉ် (၇) ဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်အား ပူဇော်လိုက်ပါတယ်။

**ချမ်းသာကြပါစေ**

**အရှင်ဣန္ဒိကာဘိဝံသ**

**မန္တလေး ပဓ္ဓောတာရုံ**

**၁၃၇၁-ခုနှစ်၊ တပို့တွဲလပြည့်နေ့၊**

**၂၀၁၀၊ ဖေဖော်ဝါရီလ(၂၈)ရက်၊ သောကြာနေ့**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အင်တာဗျူးအစ အရှင်မောဂ္ဂလ္လာန်က

သာသနာတော်သက္ကရာဇ်-၂၅၄၈-ခုနှစ်

ကောဇာသက္ကရာဇ်-၁၃၆၆-ခုနှစ်၊ ပြာသိုလ်လဆန်း (၁၂)ရက်။ ခရစ်နှစ်-၂၀၀၅၊ ဇန္နဝါရီလ(၂၁)၊ ဗုဒ္ဓဟူးနေ့၊

မန္တလေးမြို့ အောင်မြေသာဇံမြို့နယ် အမရဋ္ဌာနီ အရှေ့စံခေါင် မတ္တရာတိုက်မအတွင်းရှိ ရှင်အရဟံမွန်းတည့်သိမ်မြတ်စွာဘုရား ဗုဒ္ဓပူဇနိယဘုရားပွဲတော် သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲနှင့် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပကြပါတယ်။

ယနေ့ည ဓမ္မဒါန ဓမ္မပူဇာ ကျင်းပကြတဲ့အခါ ပင်မ,ဓမ္မ

ဒါနကုသိုလ်ရှင်ဖြစ်ကြတဲ့ ဦးမောင်လေးအားရည်စူး၍ ဒေါ်သွယ် မိသားစု၊ ဦးတင်လှအား ရည်စူး၍ ဒေါ်လှိုင်ညွန့် မိသားစု၊ သား၊သမီးများဖြစ်ကြတဲ့ ပရိဘောဂလုပ်ငန်းပိုင်ရှင် ၂၃-ကွက် နေ ဦးမြင့်ဆွေ+ဒေါ်စန်းစန်းဦး မိသားစုတို့နှင့် ဦးဆောင်ဦးရွက် ပြုပြီးတော့ကျင်းပကြတဲ့ သာရေး၊နာရေးအသင်းမှ လူငယ်များ၊ ဒီနေ့ ကြွရောက်လာကြတဲ့ ဓမ္မာမက သူတော်စင်ပရိသတ် အပေါင်း သူတော်ကောင်းများ၊ ဦးဇင်းတို့တတွေ သူတော်စင်တို့ တတွေ ဓမ္မဒါန ဓမ္မပူဇာ ဓမ္မဿဝန ကုသိုလ်မင်္ဂလာကို ရယူ ကြပါတယ်။

ရယူတဲ့အခါမှာ ဦးဇင်းတို့ ယနေ့ည ဟောကြ နာယူကြ မည့်တရားက ဦးဇင်းတို့ မြတ်စွာဘုရား ဟောကြားတော်မူထားတဲ့ တရားတော်တွေကို သံဂါယနာ တင်ထားတဲ့အခါမှာ သံဂါ ယနာတင်ထားတဲ့ မထေရ်မြတ်တွေက ခုဒ္ဒကနိကာယ် သုတ္တနိ ပိဋကတ် ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ်မှာလာရှိတဲ့ မဟာ မောဂ္ဂလ္လာန် ထေရပဥ္စဝတ္ထုတရားတော် ဖြစ်ပါတယ်။

အဲဒီတရားတော်ကို ဦးဇင်းတို့ မြန်မာလို နာမည်ပေးမယ် ဆိုရင် 'တွေဆုံမေးမြန်းခန်း'တရားတော်၊

ဘာတရားတော်တဲ့လဲ?

တွေဆုံမေးမြန်းခန်း တရားတော်ပါဘုရား။

ဦးဇင်းတို့မြတ်စွာဘုရားရဲ့ လက်ဝဲတော်ရံဖြစ်တဲ့ တန်ခိုး

အရာမှာ ဧတဒဂ်ဘွဲ့ထူးရရှိတော်မူတဲ့ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်ကြီးဟာ နတ်သားတွေ နတ်သမီးတွေနဲ့ တွေ့ဆုံ မေးမြန်းပြီးတော့ မြတ်စွာဘုရားအား ပြန်လည် လျှောက်ထား ပါတယ်။ မြတ်စွာဘုရားကမှ ပရိသတ်တွေကို ပြန်လည် ဟောကြားတဲ့ တရားတော်တွေပါ။

ဒီခေတ်မှာ အနုပညာရှင်တွေ သရုပ်ဆောင်တွေနဲ့ တွေ့ဆုံမေးမြန်းခန်းတွေ၊ ထင်ပေါ်ကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံမေးမြန်းခန်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံ မေးမြန်းခန်းတွေ၊ အခြားအခြားသော ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံ မေးမြန်းခန်းတွေကို စာစောင်တွေထဲမှာ မဂ္ဂဇင်းတွေထဲမှာ ဂျာနယ်တွေထဲမှာ ဖော်ပြလေ့ ရှိကြပါတယ်။

ယခုလို တွေ့ဆုံမေးမြန်းခန်းတွေ တင်ပြတယ်ဆိုတာ ဦးဇင်းတို့ မြတ်စွာဘုရားလက်ထက် အရှင်မဟာမောဂ္ဂလ္လာန်က စခဲ့ပါတယ်။

အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကြီးဟာ နတ်သား နတ်သမီးတွေနဲ့ တွေ့ဆုံပြီးတော့ နတ်သား နတ်သမီးတွေနဲ့ တွေ့ဆုံ မေးမြန်းခန်းတွေ ပြုလုပ်ထားတဲ့ အကြောင်းအရာ အတ္ထုပ္ပတ္တိတွေ ပိဋကတော်ထဲမှာ အများကြီးရှိပါတယ်။

ဒါကြောင့်မို့ ဦးဇင်းတို့ ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ်မှာ လာရှိတဲ့ **“အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ရဲ့ တွေ့ဆုံ**

မေးမြန်းခန်း တရားတော်"။

တနည်းအားဖြင့် "အင်္ဂါတာမျှအစ အရှင်မောဂ္ဂလ္လာန်က တရားတော်" ဆိုပြီးတော့ ဦးဇင်းတို့တတွေ သူတော်စင်တို့တတွေ မှတ်သားသင့်တဲ့ တရားတော်ပါ။

သစ္စုဘဏောတိ ဣမံ ဓမ္မဒေသနံ သတ္ထာ ဇေတဝနေ ဝိဟရန္တော မဟာမောဂ္ဂလ္လာနတ္ထေရဿ ပဉှံ အာရဗ္ဘ ကထေသိ။

သစ္စုဘဏောတိ-သစ္စုဘဏောတိအစရှိသော၊ ဣမံ ဓမ္မဒေသနံ-ဤတရားဒေသနာတော်ကို၊ သတ္ထာ-လူ၊နတ်တို့ဆရာ မြတ်စွာဘုရားသည်၊ ဇေတဝနေ-ဇေတဝန်ခေါ် ရွှေကျောင်းတိုက်တော်မှာ၊ ဝိဟရန္တော-ဣရိယာပထ မျှတစွာ သီတင်းသုံးနေတော်မူစဉ်၊ မဟာမောဂ္ဂလ္လာနတ္ထေရဿ-မဟာမောဂ္ဂလ္လာန် မထေရ်မြတ်၏၊ ပဉှံ-တွေ့ဆုံမေးမြန်းခန်းကို၊ အာရဗ္ဘ-အကြောင်းပြု၍၊ ကထေသိ-ကရုဏာရှေ့ထား ဉာဏ်တော်အားဖြင့် ဟောကြားတော်မူပါပေသတည်း။

သာဓု- သာဓု- သာဓု။

ဦးဇင်းတို့မြတ်စွာဘုရားက-

**သစ္စံ ဘဏေ န ကုဇ္ဈေယျ ၊ ဒဇ္ဇာ အပ္ပသ္မိ ယာစိတော။**
**ဧတေဟိ တီဟိ ဌာနေဟိ ၊ ဂစ္ဆေ ဒေဝါနသန္တိကေ။**

ဆိုတဲ့ တရားတော်။

ဒီတရားတော်ကို ဦးဇင်းမြတ်စွာဘုရား သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူစဉ် လက်ဝဲရံဖြစ်တဲ့ တန်ခိုးအရာမှာ ဧတဒဂ်ဘွဲ့ထူးရရှိတော်မူတဲ့ အရှင်မဟာ မောဂ္ဂလ္လာန်မထေရ်ရဲ့ နတ်သား နတ်သမီးများနဲ့ တွေ့ဆုံ မေးမြန်း ခန်းကို အကြောင်းပြုပြီးတော့ ဟောတော်မူထားပါတယ်။

ဦးဇင်းတို့ မြတ်စွာဘုရားရဲ့ လက်ဝဲတော်ရံဖြစ်တဲ့ တန်ခိုး အရာမှာ ဧတဒဂ်ဘွဲ့ထူး ရရှိတော်မူတဲ့ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်ဟာ **ဒေဝစာရိကာ**-နတ်ပြည်ခရီး လှည့်လည်ပြီးတော့ ကြွတော်မူပါတယ်။ တချို့အချိန်တွေမှာဆိုရင် သူက ငရဲပြည်ထိ ဒေသစာရီ လှည့်လည်တော်မူပါတယ်။

ဒေသစာရီလှည့်လည်ပြီးတော့ ခရီးကြွချီတော်မူတဲ့အခါ တစ်နေ့တော့ သူ နတ်ပြည်ရောက်တဲ့အခါ နတ်ပြည်မှာ နတ်သား နတ်သမီးတွေရဲ့ ဘုံဗိမာန်တွေကြည့်ပြီးတော့ ယခုလို ဆန်းဆန်း ပြားပြား ခမ်းခမ်းနားနား ဘုံဗိမာန်ကြီးတွေ ဘာကြောင့် ရ,ရပါ သလဲ-လို့ နတ်သား နတ်သမီးတွေရဲ့ ရှေးကုသိုလ်ကံ အကြောင်း အရာတွေကို မေးမြန်းတော်မူတယ်။

အဲဒီလို တွေ့ဆုံမေးမြန်းပြီးတဲ့အခါမှ လူ့ပြည်ပြန်လာ ပြီးတော့ မြတ်စွာဘုရားကို လျှောက်ထား၊ နောက်ပြီးတော့ လူတွေကို ဟောကြားတော်မူပါတယ်။

ဘယ်နတ်သား ဘယ်နတ်သမီးဟာ လူဖြစ်စဉ်ဘဝ လူ့ဘဝအချိန်အခါတုန်းက ဘယ်လိုကုသိုလ်ကောင်းမှုတွေကို ပြုခဲ့တဲ့အတွက် ဟို- စတုမဟာရာဇ်နတ်ပြည် တာဝတိံသာနတ်ပြည် စတဲ့ နတ်ပြည်အရပ်ရပ်မှာ နတ်စည်းစိမ်တွေ ခံစားနေရတဲ့ အကြောင်းကို လူတွေကို ဟောကြားတော်မူပါတယ်။

အဲဒီလို လူတွေက အရှင်မဟာမောဂ္ဂလ္လာန် ဟောကြားတော်မူတဲ့အကြောင်းအရာကို ကြားသိရတဲ့အခါ အားရဝမ်းသာဖြစ်ပြီးတော့ ဒါနကုသိုလ်တွေပြုကြပါတယ်။ သီလကုသိုလ်တွေကို စောင့်ထိန်းကြပါတယ်။ ဘာဝနာကုသိုလ်တွေကို ပွားများအားထုတ်ကြပါတယ်။ ကုသိုလ်အမျိုးမျိုးတွေပြုကြပါတယ်။

ထို့အတူပါပဲ၊ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ဟာ တစ်ချို့အချိန်တွေမှာဆိုရင် ငရဲပြည်သို့လည်း ကြွတော်မူပါတယ်။ ငရဲပြည်မှာ ဆင်းရဲဒုက္ခ ခံစားနေရတဲ့ ငရဲသားတွေနဲ့ တွေ့ဆုံမေးမြန်းတော်မူပါတယ်။

သင်တို့ ဘာကြောင့် ယခုလို ဆင်းရဲဒုက္ခတွေကို ပင်ပန်းဆင်းရဲစွာ ခံစားနေရသလဲလို့ မေးတဲ့အခါ၊ သူတို့ရဲ့ အရင်ဘဝ လူ့ဘဝဖြစ်စဉ်အခါတုန်းက မကောင်းမှုပြုခဲ့တဲ့ အကြောင်းအရာ

တွေကို လျှောက်ထားကြပါတယ်။

အဲသလို လျှောက်ထားလို့ သိရတဲ့အခါမှာ လူတွေကို အဲဒီအကြောင်း ပြန်ဟောတော်မူပါတယ်။

လူတွေက အရှင်မဟာမောဂ္ဂလ္လာန်ရဲ့တရား နာကြားရတဲ့အခါမှာ လူ့ဘဝမှာ မကောင်းမှုမျိုးစုံ ဒုစရိုက်မျိုးစုံတွေကို ရှောင်ကြဉ်ကြတာကိုး။

========

## မှန်တဲ့စကားကိုသာပြောခဲ့လို့
## နတ်သမီး ဖြစ်ရပုံ

အနုဒီဝတ္ထုအကြောင်းမှာတော့ အရှင်မဟာမောဂ္ဂလ္လာန်က တာဝတိံသာနတ်ပြည်တဲ့၊

ဘာနတ်ပြည်တဲ့လဲ?

တာဝတိံသာနတ်ပြည်ပါဘုရား။

တာဝတိံသာနတ်ပြည်သို့ ဒေသစာရီကြွချီပါတယ်။

ဦးဇင်းတို့ ဒီခေတ်မှာတော့ နိုင်ငံရပ်ခြားတိုင်းပြည်တွေမှာ သာသနာပြုခရီးဆိုပြီး သွားကြပါတယ်။ ဓမ္မဒူတခရီးဆိုပြီး ကြွကြပါတယ်။

ကဲ- ဦးဇင်းတို့ အရှင်မဟာမောဂ္ဂလ္လာန်ကတော့ နိုင်ငံရပ်ခြားတိုင်းပြည်တစ်ပြည်တွင် မကပါဘူး။ သူကတော့ နတ်ပြည်ခရီးအထိ မဓမ္မဒူတခရီး ဒေသစာရီခရီး ကြွတော်မူပါတယ်။

နတ်ပြည်ရောက်တဲ့အခါမှာ တန်ခိုးကြီးတဲ့ နတ်သမီးတစ်ယောက်ရဲ့ ကြီးကျယ်ခမ်းနား ဆန်းပြားလှတဲ့ အရောင်တလက်လက်ထွက်နေတဲ့ ဘုံဗိမာန်ရဲ့ တံခါးအနီးမှာ ရပ်တော်မူနေပါတယ်။

အဲဒီလို ရပ်တော်မူနေတဲ့အခါမှာ နတ်သမီးတစ်ယောက်ကို ပထမဆုံးတွေ့ပါတယ်။ တွေ့တဲ့အခါမှာ အဲဒီနတ်သမီးက အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ကို ရှိခိုးပြီးတော့ ရပ်နေပြီးတော့ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ကို ဂါရဝပြုပြီးတော့ နေတဲ့အချိန်ပေါ့။

အဲဒီတော့ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်က အဲဒီနတ်သမီးကို-

**"ဒေဝတေ မဟတီ တေ သမ္ပတ္တိ၊ ကိံ ကမ္မံ ကတွာ လဒ္ဓံ အလတ္ထ။"**

**ဒေဝတေ**-နတ်သမီး၊ **တေ**-သင်နတ်သမီးရဲ့၊ **သမ္ပတ္တိ**-စည်းစိမ်ခမ်းဝါ ဥစ္စာအဖြာဖြာသည်၊ **ဝါ**-ဘုံဗိမာန်သည်၊ **မဟတီ**-ကြီးကျယ်ခမ်းနားလှပါ၏၊ **ဝါ**-ဆန်းပြားလှပါ၏။

**ကိံကမ္မံ**-အဘယ်ကောင်းမှုကံကို၊ **ကတွာ**-ပြုခဲ့တဲ့

အတွက်ကြောင့်၊ **ဣမံ**-ဤကဲ့သို့ခမ်းနားဆန်းပြားလှတဲ့ စည်းစိမ်ကြီးကို၊ **ဝါ**-ဘုံဗိမာန်ကြီးကို၊ **အလတ္ထ**-ရခဲ့ပါသနည်း၊

**ဣတိ**-ဤသို့၊ **မဟာမောဂ္ဂလ္လာနတ္ထေရော**-အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည်၊ **ဒေဝတံ**-နတ်သမီးကို၊ **အဝေါစ**-ကောင်းစွာမသေ့ မေးမြန်းလေတော့သတည်း။

သာဓု-သာဓု-သာဓု။

အရှင်မဟာမောဂ္ဂလ္လာန်မထေရ်က အဲဒီနတ်သမီးကို

နတ်သမီး ! သင့်ရဲ့ စည်းစိမ်ဥစ္စာဘုံဗိမာန်ကြီးဟာ တကယ်ကို ဝင်းဝင်းပြောင်ပြောင် ခမ်းခမ်းနားနား သားသားနားနား ကြီးကျယ်ခမ်းနားလှပါတယ်။

အခုလို ကြီးကျယ်ခမ်းနားတဲ့ နတ်စည်းစိမ် နတ်ဗိမာန်ကြီး ဘုံဗိမာန်ကြီးကို သင် လူဘဝတုန်းက ဘယ်လို ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ခဲ့တဲ့အတွက်ကြောင့် ရခဲ့တာလဲ ရ,ရတာလဲလို့ မေးတော်မူပါတယ်။

အဲသလို မေးတော်မူတဲ့အခါမှာ နတ်သမီးလေးက

အရှင်ဘုရား ! တပည့်တော်မကို ဒီအကြောင်း မမေးပါနဲ့ဘုရား။ ဒီအကြောင်း မမေးပါနဲ့ဘုရားလို့ အရှင်မဟာမောဂ္ဂ-လ္လာန်မထေရ်ကို တောင်းပန်ပါတယ်။

နတ်သမီးလေးက သူပြုခဲ့တဲ့ကုသိုလ်က နည်းနည်းလေး ဖြစ်နေတော့ ရှက်လို့ မမေးပါနဲ့ဘုရားလို့ လျှောက်ထားခြင်း ဖြစ်ပါတယ်။

နတ်သမီးလေးက မမေးပါနဲ့ဘုရားလို့ တောင်းတောင်းပန်ပန် လျှောက်ထားတဲ့အခါ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်က လည်း ပြောသာပြောပါ၊ သင် ဘယ်လို ကုသိုလ်ကောင်းမှုတွေ ပြုခဲ့တဲ့အတွက် ယခုလို ကြီးကျယ်ခမ်းနားတဲ့ စည်းစိမ်ဥစ္စာ ဘုံဗိမာန်တွေကို ရရှိရတာလည်းလို့ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်က မရမက မေးပါတယ်။

အဲဒီလို မေးတဲ့အခါ နတ်မီးလေးက-

**မယာ ဘန္တေ နေဝ ဒါနံ ဒိန္နံ၊ န ပူဇာ ကတာ၊ န ဓမ္မော သုတော၊ ကေဝလံ သစ္စမတ္တံ ရက္ခိတံ။**

**ဘန္တေ**-အရှင်ဘုရားမဟာမောဂ္ဂလ္လာန်၊ **မယာ**-တပည့်တော်မသည်၊ **ဒါနံ**-အလှူကို၊ **နေဝဒိန္နံ**-မပေးလှူခဲ့ဘူးပါ။

**ပူဇာ**-ဘုရား တရား သံဃာ ရတနာသုံးဖြာကို ပူဇော်ခြင်းဆိုတဲ့ ပူဇော်ခြင်းအမှုကို၊ **န ကတာ**-မပြုခဲ့စဘူးပါ။

**ဓမ္မော**-တရားတော်ကို၊ **နသုတော**-မကြားနာခဲ့စဘူးပါ။ **ဓမ္မော**-မတ္တရာတိုက်မ ပရိဝုဏ်အတွင်းရှိ ရှင်အရဟံ မွန်းတည့် သိမ် မြတ်စွာဘုရား ဗုဒ္ဓပူဇနိယဘုရားပွဲတော် သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲ, အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အကြို

ဓမ္မသဘင်ကျင်းပတဲ့အခါ ကြွရောက်လာကြသော ပရိသတ်များတို့ တရားနာကြသလို ယခုလိုတရားမျိုးကို၊ **န သုတော**-မကြားနာ ခဲ့ဘူးပါ။

**ကေဝလံ**-ဒါနပြုခြင်းစသည်မဖက် သက်သက်၊ **သစ္စမတ္တံ**-ကတိသစ္စာတည်ခြင်းမျှကို၊ **ဝါ**-သစ္စာစကားပြောကြားခြင်း မျှကို၊ **ရက္ခိတံ**-စောက်ရှောက်အပ်ခဲ့ပါပြီ။

**တေန**-ထို့ကဲ့သို့သစ္စာစကားကို ပြောကြားခဲ့တဲ့အတွက် ကြောင့်၊ **မယာ**-တပည့်တော်မသည်၊ **အယံသမ္ပတ္တိ**-ဤစည်း စိမ်ချမ်းသာကို၊ **လဒ္ဓါ**-ရခဲ့ပါပြီ။

**ဣတိ**-ဤသို့၊ **ဒေဝတာ**-နတ်သမီးသည်၊ **မဟာမော-ဂ္ဂလ္လာနတ္ထေရံ**-မဟာမောဂ္ဂလ္လာန်မထေရ်ကို၊**အဝေါစ**-ကောင်းစွာ မသွေ လျှောက်ထားလေတော့သတည်း။

သာဓု- သာဓု- သာဓု။

အဲဒီနတ်သမီးကို အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်က မရမကမေးတဲ့အခါ အတင်းမေးတဲ့အခါ-

အရှင်ဘုရား ! အရှင်ဘုရားက မရမက အတင်းမေး တော့လည်း တပည့်တော်မ ဖြေရတာပေါ့ဘုရား။

တပည့်တော် လူ့ဘဝ လူဖြစ်စဉ်အခါတုန်းက အလှူ ဆိုတာ ဘာအလှူမှ တပည့်တော်မ မပေးလှူခဲ့ဘူးပါဘုရား။

ဆွမ်းတစ်ဇွန်း ပန်းတစ်ပွင့်ကစပြီးတော့ သံဃာတော်

တွေကို လည်း မပေးလှူခဲ့ပါဘူး။ မိဘတွေကိုလည်း မပေးလှူခဲ့ပါဘူး ဆိုပါတော့။ ဒါနဆိုရင် နည်းနည်းများများ ဘယ်လိုဒါနကိုမှ မပြုခဲ့ပါဘူး။ ဘုရား တရား သံဃာဟူသော ရတနာမြတ်သုံးဖြာကို ပူဇော်ခြင်း၊ မိဘတွေကို ပူဇော်ခြင်းဆိုတဲ့ ပူဇော်မှုတွေကို လည်း မပြုခဲ့ဘူးပါဘူးတဲ့။

ယခု တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့တတွေ တရားနာကြသလို တရားနာခြင်းအမှုတွေကို သူမ မပြုခဲ့ပါဘူးတဲ့။

သူဟာ ဘာပဲ စောင့်ရှောက်ခဲ့သလည်း ပြုခဲ့သလည်းဆိုရင် သစ္စာစကားတဲ့။

ဘာစကားတဲ့လဲ?

သစ္စာစကားပါဘုရား။

သူ သစ္စာစကားကိုပဲ ပြောကြားခဲ့ဘူးပါတယ်တဲ့။

ကဲ- လင်္ကာလေး အားလုံးဆိုကြည့်ရအောင်။

**မှန်သောစကား၊ ပြောဆိုငြား၊ ရောက်သွားနတ်တို့ပြည်။**

(သုံးခေါက်ဆိုပါ၊)

အဲဒီ နတ်သမီးက သူဟာ ဒါနကုသိုလ်လည်း မပြုခဲ့ဖူးဘူး၊ ပူဇော်ခြင်းဆိုတဲ့အမှုလည်း မပြုခဲ့ဖူးဘူးတဲ့၊ တရားလည်း မနာခဲ့ပါဘူးတဲ့။

ဘယ်လိုကုသိုလ်ပဲ သူပြုခဲ့သလည်းဆိုရင် သစ္စာ စကား တဲ့။

ဘာစကားတဲ့လဲ?

သစ္စာစကားပါဘုရား။

မှန်သောစကား သစ္စာစကားကိုပဲ သူပြောခဲ့ပါတယ်တဲ့။ ဘယ်အချိန် ဘယ်အခါမှ မုသားစကားကို မပြောကြားခဲ့ပါ။ ဘာစကားတဲ့လဲ?

မုသားစကားပါဘုရား။

တရားနာပရိတ်သတ်အပေါင်း သူတော်ကောင်းတို့ တွေ သီလယူတဲ့အခါမှာ "**မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊ လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏**"လို့ ဆောက်တည်ခဲ့ပါတယ်။

အဲဒီနတ်သမီးက သူ လူ့ဘဝဖြစ်စဉ်အခါတုန်းက မုသား စကားကို ဘယ်သောအခါမှ မပြောပဲနဲ့ သစ္စာစကား မှန်သော စကားကိုသာ ပြောကြားခဲ့ပါတယ်တဲ့။

အဲဒီလို သစ္စာစကား မှန်သောစကား ပြောဆိုတဲ့အတွက် ကြောင့် သူ အခုလို ကြီးကျယ်ခမ်းနား ဆန်းပြားတဲ့ နတ်ဘဝကို ရောက်ရပါတယ်-လို့ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကို လျှောက်ထားပါတယ်။

ကဲ- သစ္စာရဲ့ ဆန့်ကျင်ဘက်က 'မုသားစကား'၊

ဦးဇင်းတို့ အရပ်ထဲမှာ, လောကမှာ **"မှသားမပါ လက်မချော"** ဆိုပြီးတော့ မုသားစကားတွေပြောကြပါတယ်။

မုသားပြောမယ်၊ လိမ်ညာပြောမယ်ဆိုရင် ရနိုင်တဲ့ ဆိုးကျိုးတွေက ကဲ- အကျဉ်းချုပ်ကလေး ဆိုကြည့်ရအောင်-

**မုသားစကား ၊ ပြောဆိုငြားမူ၊**
**စကားမပီ ၊သွားမညီတည်း။**

ကဲ-မုသားစကားပြောမယ်ဆိုရင်တဲ့၊ မုသားစကား ပြောတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး အရင်ဘဝက မုသားစကား ပြောဆိုခဲ့တဲ့အတွက်ကြောင့် ယခု လူဘဝဖြစ်လာတဲ့အခါ ဒီဘဝဖြစ်လာတဲ့အခါမှာ

နံပါတ်တစ်- **"စကားမပီ"**

ဘာတဲ့လဲ?

စကားမပီပါဘုရား၊။

စကားပီပီသသ မပြောနိုင်ဘူး၊ စကားမပီတဲ့ဘဝ ရောက်ရခြင်းဆိုတဲ့ မကောင်းကျိုးတွေ ရရှိခံစားရပါတယ်။

သစ္စာစကားပြောရင်တော့ ဆန့်ကျင်ဘက်ပေါ့၊ စကား ပီသပါတယ်။

နံပါတ်နှစ်- **"သွားမညီတည်း"**တဲ့၊

ဘာတဲ့လဲ?

သွားမညီတည်းပါဘုရား။

ကဲ- ယခုဘဝမှာ သွားတွေမညီတာ ဘာကြောင့်လည်း ဆိုရင် အရင်ဘဝက မုသားစကားပြောခဲ့လို့တဲ့။

ဘာကြောင့်လဲ?

မုသားစကား ပြောခဲ့လို့ပါဘုရား။

ကဲ-နောက်ဆက်ဆိုရအောင်-

**ပုတ်ညှီပါးစပ် ၊ ခြောက်ကပ်ကိုယ်ရေ၊**
**ဣန္ဒြေနောက် ၊ ပုံရှင်းဖောက်၏။**

ကဲ- မုသားပြောရင် ပါးစပ်မှာ အာပုတ်စော်,ညှီစော် နံတတ်ခြင်းဆိုတဲ့အကျိုး။

နံပါတ်လေး- "**ခြောက်ကပ်ကိုယ်ရေ**"။

ကိုယ်သားကိုယ်ရေ ခြောက်ကပ်ခြင်း, မစိုပြည်ခြင်း စတဲ့အကျိုး၊

နံပါတ်ငါး-"**ဣန္ဒြေနောက်**"တဲ့။

မျက်စိ,နားစတဲ့ဣန္ဒြေတွေ နောက်နောက်ကျုံးကျုံး မှုန်မှုန်ဝါးဝါး ဖြစ်ခြင်းဆိုတဲ့အကျိုး၊ မကောင်းကျိုး ဆိုးကျိုးတွေကို ခံစား ရပါတယ်။

နံပါတ်ခြောက်-"**ပုံရှင်းဖောက်၏**"။

ခန္ဓာကိုယ်ပုံသဏ္ဍာန် မလှမပပေါ့။ ဖောက်ပြန်တဲ့

ခန္ဓာကိုယ်ဖြစ်ခြင်းဆိုတဲ့ မကောင်းတဲ့ဆိုးကျိုးတွေ ခံစားရပါတယ်။

မုသားစကားပြောရင် ကဲ- ဆက်ဆိုကြည့်ရအောင်

**မရောက်သြဇာ ၊ နှုတ်လျှာကြမ်းထော်၊**

**လျှပ်ပေါ်လော်လီ ၊ စိတ်မတည်သည်၊**

**ရှောင်ကြဉ်အပြန်အကျိုးတည်း။**

ကဲ- မုသားစကားပြောဆိုမယ်ဆိုရင်

နံပါတ်ခုနစ်- “**မရောက်သြဇာ**”တဲ့။

မိမိရဲ့ သြဇာအာဏာ မသက်ရောက်ဘူး သြဇာအာဏာ မတည်ခြင်းဆိုတဲ့အကျိုး ဆိုးကျိုးတွေကို ခံစားရပါတယ်။

နံပါတ်ရှစ်- “**နှုတ်လျှာကြမ်းထော်**”

နှုတ်ကြမ်းလျှာကြမ်း ဆိုသလိုပေါ့။ မိမိတို့ရဲ့ အပြောကြမ်း၊ နှုတ်ကြမ်း လျှာကြမ်းဆိုတဲ့ မကောင်းတဲ့ ဆိုးကျိုးတွေကို ခံစားရပါတယ်။

နံပါတ်ကိုး-“**လျှပ်ပေါ်လော်လီ၊ စိတ်မတည်သည်**”တဲ့၊

စိတ်မတည်ခြင်း လျှပ်ပေါ်လော်လီခြင်းဆိုတဲ့အကျိုးတွေကို ခံစားရပါတယ်။

ဒါ မုသားစကားပြောရင် ရရှိနိုင်တဲ့ မကောင်းကျိုး ဆိုးကျိုးတွေဖြစ်ပါတယ်။

အဲဒီရဲ့ပြန်ဘက် သစ္စာစကားကိုပြောပြီး မှန်တဲ့စကားကို

ပြောပြီဆိုရင် မိမိတို့မှာ ကောင်းကျိုးတွေရမှာပါ။

ကဲ-ဒီနတ်သမီးဆိုရင် ကြည့်ပါ၊ လူဖြစ်စဉ်ဘဝတုန်းက ဒါနကိုလည်း ပြုခဲ့ရဲ့လား?

မပြုခဲ့ပါဘုရား။

ထို့အတူပဲ။ ပူဇော်ခြင်းဆိုတဲ့ အမှုတွေကို ပြုခဲ့ရဲ့လား?

မပြုခဲ့ပါဘုရား။

ထို့အတူပဲ၊တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေလို တရားနာခြင်းဆိုတဲ့ တရားနာမှုတွေကိုလည်း ပြုခဲ့ရဲ့လား?

မပြုခဲ့ပါဘုရား။

သစ္စာစကားမျှသာ သူပြောခဲ့တာပါ။ အဲဒီ သစ္စာစကားမှန်သောစကားကို ပြောကြားခဲ့တဲ့အတွက်ကြောင့် အခုလို ကြီးကျယ်ခမ်းနား ဆန်းပြားတဲ့ နတ်စည်းစိမ် ရတယ်ဆိုတဲ့အကြောင်း အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကို လျှောက်ထားပါတယ်။

=======

## ကျွန်မ ဖြစ်စဉ်က စိတ်မဆိုးခဲ့လို့ နတ်သမီးဖြစ်ရပုံ

အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ဟာ အဲဒီနတ်သမီးကို မေးပြီးတဲ့နောက် အခြားသော နတ်သမီးများရဲ့ ဘုံဗိမာန်တံခါးပေါက်တွေဆီသို့ ကြွသွားတော်မူပါတယ်။

နတ်သမီးများက အရှင်မဟာမောဂ္ဂလ္လာန်ကို မြင်တွေ့တဲ့အခါမှာ လာရောက်ကာ ရှိခိုးဦးချကြပါတယ်၊ ဂါရဝပြုကြပါတယ်။ အဲဒီနတ်သမီးတွေထည်းက ရှေ့ဆုံးက နတ်သမီးတစ်ယောက်ကို အရင်ဆုံး မေးပါတယ်။

နတ်သမီး !သင့်ရဲ့ဘုံဗိမာန်ကလဲကြီးကျယ်တယ် ခမ်းနားတယ် ဆန်းပြားတယ်။ အသင်ဟာ လူဘဝ လူဖြစ်စဉ်က ဘယ်ကုသိုလ်တွေ ပြုခဲ့သလဲလို့ မေးတော်မူပါတယ်။

ဒီနတ်သမီးလေးကလည်း သစ္စာစကား မှန်သောစကား

ကိုသာ ပြောခဲ့လို့ နတ်ပြည်ရောက်လာတဲ့ နတ်သမီးလေးလိုပါပဲ။

တပည့်တော်မကို မမေးပါနဲ့ဘုရား၊ မပြောပါရစေနဲ့ဘုရားလို့ လျှောက်ပါတယ်။ သူပြုခဲ့တဲ့ကုသိုလ်ကို လျှို့ဝှက်ထားပါသေးတယ်။ ဒါပေမဲ့ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်က မရမက မေးတဲ့အတွက်၊ ဇွတ်အတင်းမေးတဲ့အတွက်ကြောင့် မလျှောက်ထားချင်ပေမဲ့ လျှောက်ထားရပါတော့တယ်။

အဲဒီနတ်သမီးလေးက ဘယ်လိုလျှောက်ထားသလဲဆိုရင် အရှင်ဘုရား ! တပည့်တော်မဟာ စွန့်ကြဲပေးကမ်းမှု ဝေခြမ်းမှု လှူဒါန်းမှု ဒါနကုသိုလ်တို့ကိုလည်း မပြုခဲ့ဘူးပါ။ ဘုရား တရား သံဃာ ရတနာမြတ်သုံးဖြာတို့အား ပူဇော်ခြင်းအမှုကိုလည်း မပြုခဲ့ဘူးပါ၊ တရားကိုလည်း မနာခဲ့ဘူးပါ။

သူက ကဿပဘုရားရှင်လက်ထက်

ဘယ် ဘုရားရှင်လက်ထက်ကလဲ?

ကဿပဘုရားရှင် လက်ထက်ပါဘုရား၊

ကဿပဘုရားရှင်လက်ထက်က သူဟာ ကျွန်မတစ်ယောက်ဖြစ်ခဲ့ပါတယ်။ အနိုင်းခံဘဝ အစေခံဘဝ ဖြစ်ခဲ့ရပါတယ်။

ကျွန်မဘဝဖြစ်တဲ့အခါမှာ ကျွန်ဖြစ်တဲ့အခါမှာ အရှင်သခင်က တအားကို ဒေါသကြီးတယ်၊ တအားကြမ်းကြုတ်ပါတယ်၊ တအားကြမ်းတမ်းပါတယ်၊ သူဟာ သစ်သားနဲ့ဖြစ်စေ ဒုတ်နဲ့ဖြစ်

စေ ထင်းနဲ့ဖြစ်စေ လက်ထည်း တွေ့တဲ့ဟာနဲ့ ရိုက်ပါတယ်၊ တွေ့တာနဲ့ ခေါင်းကို ရိုက်ခွဲပါတယ်။ အဲဒီလောက်ထိအောင် အရှင်သခင်က သူ့ကိုနှိပ်စက်ခဲ့ပါတယ် ကြမ်းတမ်းခဲ့ပါတယ်။

အဲဒီတော့ သူကဒေါသဖြစ်လာတဲ့အခါမှာ ဒေါသ သိမ်းဆည်းခဲ့ပုံကို အခုလို နတ်သမီးလေးက လျှောက်ထားတယ်၊

**ဘန္တေ**-အရှင်ဘုရား၊ **သာဟံ**-ထိုတပည့်တော်မသည်၊ **ကောပေ**-စိတ်ဆိုးခြင်းဆိုတဲ့ဒေါသသည်၊ **ဥပ္ပန္နေ**-ဖြစ်ပေါ်သည် ရှိသော်၊ **သေသော သာမိကော**-ဤအရှင်သခင်သည်၊ **တဝ**-သင့်အား၊ **လက္ခုဏံဟတံ ဝါကာတုံ**-ကျွန်တံဆိတ် ခတ်နှိတ်ခြင်း ငှာလည်းကောင်း၊ **နာသာဒိနိ ဝါ ဆိန္ဒိတုံ**-နှာခေါင်း,နားစသည်ကို ဖြတ်တောက်ခြင်းငှာလည်းကောင်း၊ **ဣဿရော**-အစိုးရ၏၊ **တွံ**-သင်သည်၊ **မာကုဇ္ဈိ**-စိတ်မဆိုးပါလင့်။

**ဣတိ**-ဤသို့၊ **အတ္တာနမေဝ**-မိမိကိုယ်ကိုသာလျှင်၊ **ပရိဘာသေတွာ**-ရေရွတ်ကြိမ်းမောင်း ဆုံးမပြီးတော့၊ **ကောပံ နာမ**-စိတ်ဆိုးခြင်း အမျက်ထွက်ခြင်းဆိုတဲ့ ကောပ, ဒေါသမည် သည်ကို၊ **န အကာသိ**-မပြုခဲ့ဘူးပါ။

**တေန**-ထိုအကြောင်းကြောင့်၊ **တေန**-ထိုကဲ့သို့စိတ်ဆိုး ခြင်း အမျက်ထွက်ခြင်းဆိုတဲ့ ဒေါသမဖြစ်ခဲ့တဲ့အတွက်ကြောင့်၊ **မယာ**-တပည့်တော်မသည်၊ **သောသမ္ပတ္တိ**-ဤစည်းစိမ်ကို၊ **လဒ္ဓါ**-ရအပ်ပါပြီ၊ **ဣတိ**-ဤသို့၊ **သာ ဒေဝဓီတာ**-ထိုနတ်သမီး

ကလေးသည်၊ **အာယသ္မန္တ မဟာမောဂ္ဂလ္လာနတ္ထေရ**-အရှင်မဟာမောဂ္ဂလ္လာန်ထေရ်ကို၊ **အဝေါစ**-ကောင်းစွာမသွေ လျှောက်ထားလေတော့သတည်း။

သာဓု-သာဓု-သာဓု။

အဲဒီနတ်သမီးကတော့ အရှင်ဘုရားတဲ့ တပည့်တော်ကဿပဘုရားရှင်လက်ထက် ကျွန်မဘဝဖြစ်တဲ့အခါမှာ တပည့်တော်မရဲ့ အရှင်သခင်က ရိုက်ပြီနှိပ်စက်ပြီဆိုရင် တပည့်တော် ဒေါသဖြစ်လာပြီဆိုပါတော့။ ဒေါသဖြစ်လာတဲ့အခါမှာ စိတ်ဆိုးလာတဲ့အခါမှာ တပည့်တော် ကိုယ့်ကိုယ်ကို ပြန်ပြီးတော့ ဆုံးမပါတယ်။

အဲဒီတော့ သူက တကယ့်ကျွန်မဘဝ အနိုင်းအစေဘဝပေါ့။ ဒီခေတ်လိုပြောမယ်ဆိုရင် အိမ်ဖော်ဖြစ်နေပေမယ်လို့ ကိုယ့်ရဲ့အရှင်သခင်က ရိုက်တဲ့အခါ ခေါင်းရိုက်ခွဲပြီဆိုရင် သူ့ရဲ့စိတ်ထဲမှာ ဒေါသဖြစ်လာမယ်ဆိုရင် သင်ဟာ သင့်ရဲ့ အရှင်သခင်ဟာ သင့်ကို ကျွန်တံဆိတ်ခတ်နှိပ်လဲ စွမ်းနိုင်တယ်လို့ ဒေါသကို ဖြေဆည်းခဲ့ပါတယ်။

ရှေးခေတ်က ကျွန်တံဆိပ် ခတ်နှိပ်ပြီးတော့ထားပြီဆိုရင် ဒီပုဂ္ဂိုလ်သည် ကျွန်ဘဝက ဘယ်လိုမှကို မလွတ်မြောက်နိုင်တော့ဘူး။

ထို့အတူပဲ၊ နှာသာဒီနိ ဝါ ဆိနွိတုံ-တဲ့၊ နှာခေါင်းတွေ နားတွေစတဲ့ ကိုယ်လက်အင်္ဂါတွေ ဖြတ်တောက်ခြင်းငှာ စွမ်းနိုင်တယ်၊ အစိုးရတယ်။

အကုန်လုံး သင့်အပေါ်မှာ သူပြုသမျှ နရတဲ့ဘဝ ဖြစ်ရပါတယ်။ သူ့လက်ခုတ်ထဲကရေ ဖြစ်နေရပါတယ်။

ဒါ့ကြောင့် သင် စိတ်မဆိုးနဲ့လို့ သူက ကိုယ့်ကိုယ်ကို ဆုံးမတာ။

ဘယ်သူ့ကို ဆုံမတာတဲ့လဲ?

ကိုယ့်ကိုယ်ကို ဆုံမတာပါဘုရား။

ကိုယ့်ကိုယ်ကို ဆုံးမတာ။ သူ ဒေါသဖြစ်လာမယ်ဆိုရင် အဲဒီဒေါသကို သိမ်းဆည်းလိုက်တာ။ စိတ်ဆိုးပြီ, အကယ်၍များ ဒေါသတွေဖြစ်ချင်ပြီဆိုရင် စိတ်ဆိုးမှုဒေါသတွေ အပြင်မထွက်အောင်၊ ဒေါသဖြစ်တဲ့ အမူအရာမပြအောင်၊ သူက သိမ်းဆည်းတာ။ ကိုယ့်ကိုယ်ကိုဆုံးမပြီးတော့ သင်အမျက်မထွက်နဲ့၊ အဲဒီလို ဆုံးမပြီးတော့ သူက စိတ်ဆိုးခြင်း အမျက်ထွက်ခြင်းဆိုတဲ့ ဒေါသကို မပြုခဲ့ဘူးပါ။ မဖြစ်ခဲ့ဘူးပါ။

သူကဒေါသအပြင်မထွက်ခဲ့ဘူးတဲ့။ စိတ်မဆိုးဘူးပေါ့။ ဒေါသမဖြစ်ခဲ့ဘူး။ အဲဒီလို စိတ်မဆိုးခြင်း ဒေါသမဖြစ်ခြင်း အမျက်မထွက်ခြင်းဆိုတဲ့ ကုသိုလ်ကံကြောင့် နတ်သမီးဘဝ လာဖြစ်ရတာပါ။ ဒီ နတ်ပြည်ရောက်လာရတာပါ-လို့ ရှင်မဟာ

မောဂ္ဂလ္လာန်မထေရ်ကို လျှောက်ထားပါတယ်။

ကဲ ဒီဝတ္ထုကြောင်းမှာ ဒီနတ်သမီးလေးအနေနဲ့ ပြောရမယ်ဆိုရင် သူကျတော့ ဒေါသသိမ်းဆည်းတဲ့အတွက် အမျက်ဒေါသ မဖြစ်တဲ့အတွက် နတ်ရွာသုဂတိရောက်ရတာပါ။

ကဲ- ဒါကြောင့် ဆိုကြည့်ရအောင်-

**စိတ်ဆိုးဒေါသ၊ မဖြစ်က၊ မုချနတ်ပြည်ရောက်ပါသည်။**

(သုံးခေါက်ဆိုကြည့်လိုက်ပါ၊)

ဒါကြောင့်မို့ ဦးဇင်းတို့တတွေ သူတော်စင်တို့တတွေ ဒေါသဖြစ်ပြီဆိုရင်၊ မိမိတို့ရဲ့ဒေါသ အပြင်မထွက်အောင် သိမ်းဆည်းနိုင်မယ်ဆိုရင် မကောင်းဘူးလား?

ကောင်းပါတယ်ဘုရား။

ဒါကြောင့် ဦးဇင်းတို့မြတ်စွာဘုရားက-

**ကုဒ္ဓေါ အတ္ထံ န ဇာနာတိ ၊ ကုဒ္ဓေါ ဓမ္မံ န ပဿတိ။**
**အန္ဓတမံ တဒါ ဟောတိ ၊ ယံ ကောဓော သဟတေ နရံ။**

**ကုဒ္ဓေါ**-အမျက်ထွက်ခြင်း စိတ်ဆိုးခြင်းဆိုတဲ့ဒေါသည်၊ **ကုဒ္ဓေါ**-အမျက်ထွက်တဲ့ပုဂ္ဂိုလ် စိတ်ဆိုးတဲ့ပုဂ္ဂိုလ်သည်၊ **အတ္ထံ**-အနတ်အဓိပ္ပါယ်ကို၊ ဝါ-အကျိုးကို၊ **န ဇာနာတိ**-လုံးဝပိုင်ပိုင် မသိနိုင်ပါ၊

**ကုဒ္ဓေါ**-အမျက်ထွက်သောပုဂ္ဂိုလ် စိတ်ဆိုးသောပုဂ္ဂိုလ် သည်၊ **ဓမ္မံ**-ပါဠိကို၊ **ဝါ**-အကြောင်းကို၊ **န ပဿတိ**-ကောင်းစွာ မမြင်နိုင်။

**ယံ ယသ္မိံကာလေ**- အကြင်အခါမှာ၊ **ဒေါသော- ကောဓော**-စိတ်ဆိုးခြင်း အမျက်ထွက်ခြင်းဆိုတဲ့ ဒေါသသည်၊ **နရံ**-သတ္တဝါကို၊ **သဟတေ**-လွှမ်းမိုးနှိပ်စက်၏၊

**တဒါ**-ဒေါသဖြစ်နေရာ စိတ်ဆိုးနေရာ ထိုအခါမှာ၊ **အန္ဓတမံ**-ပညာမျက်စိကို ကန်းအောင်ပြုတတ်သည့် မောဟတည်း ဟူသောအမိုက်မှောင်သည်၊ **ဟောတိ**-စင်စစ်မသွေ ဖြစ်ပါပေ၏၊

**ဣတိ**-ဤသို့၊**ဘဂဝါ**-ရွှေဘုန်းတော်သခင် ရှင်တော် မြတ်ဘုရားသည်၊ **အဝေါစ**-ကောင်းစွာမသွေ မိန့်ကြားတော် မူပါပေသတည်း။

သာဓု-သာဓု-သာဓု။

ဦးဇင်းတို့တတွေ သူတော်စဉ်တို့တတွေရဲ့ သန္တာန်မှာ- အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း ရန်လိုခြင်းဒေါသတွေ ဖြစ်ပြီ ဆိုရင် ဒေါသဖြစ်နေတဲ့ အမျိုးသား, ဒေါသဖြစ်နေတဲ့ အမျိုးသမီး ဟာ သဘောအဓိပ္ပါယ်ကို ကောင်းစွာပိုင်ပိုင် မသိနိုင်ပါ၊ အဆိုး အကောင်း အကျိုးအကြောင်းကို ကောင်းစွာပိုင်ပိုင် မသိနိုင် တော့ပါ။

စိတ်ဆိုးနေတဲ့ အမျက်ထွက်နေတဲ့ ဒေါသဖြစ်နေတဲ့

ပုဂ္ဂိုလ်ဟာ အနက်အဓိပ္ပါယ်ကို ကောင်းစွာပိုင်ပိုင် မမြင်နိုင်တော့ပါ။ အဆိုးအကောင်း အကျိုးအကြောင်းကို ကောင်းစွာ ပိုင်ပိုင် မမြင်နိုင်တော့ပါ။

အကောင်းအဆိုး အကြောင်းအကျိုးတွေ မမြင်နိုင်ယုံသာမက အသိဉာဏ်မျက်စိကို ဖြစ်စေတတ်တဲ့ ပညာစက္ခုကိုတောင် လွှမ်းပြီးတော့ နေပါတယ်။ မောဟတည်းဟူသော အမိုက်မှောင်တွေ လွှမ်းပြီးတော့သွားပါတယ်။ မောဟတည်းဟူသော အမိုက်အတိ ဖြစ်ပြီးတော့သွားပါတယ်ဆိုပြီးတော့-ဒေါသရဲ့ ဆိုးကျိုးတွေကို ကာယရဲ့ဆိုးကျိုး စိတ်ဆိုးခြင်းရဲ့ဆိုးကျိုးတွေကို မြတ်စွာဘုရား ဟောထားတဲ့ရားတော် ဖြစ်ပါတယ်။ အဲဒီတရားတော်တွေကို ဦးဇင်းတို့တတွေ သူတော်စင်တို့ တတွေ နှလုံးသွင်းပြီးတော့ မိမိတို့ရဲ့သန္တာန်မှာ ဒေါသတွေ ဖြစ်ချင်လာပြီ စိတ်ဆိုးချင်လာပြီဆိုရင် အပြင်မှာ မရောက်အောင် သိမ်းဆည်းမယ်ဆိုရင် မိမိတို့မှာ ကောင်းကျိုးအမျိုးမျိုးတွေ ဖြစ် စေမယ်၊ နတ်ရွာသုဂတိရောက်စေပါမယ်၊ နောက်ဆုံး နိဗ္ဗာန်ချမ်း သာအထိ ရရှိမှာဖြစ်ပါတယ်။

ဒါကြောင့်မို့ နံပါတ်နှစ်ဖြစ်တဲ့ နတ်သမီးလေးက သူမဟာ ဒီလိုကြီးကျယ်ခမ်းနားဆန်းပြားတဲ့ စည်းစိမ်ဥစ္စာတွေ ရခဲ့တာဟာ ဘာကြောင့်လည်းဆိုရင် ဒေါသမဖြစ်ခဲ့တဲ့အတွက် ကြောင့်ပါလို့ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ကို လျှောက်ထား ပါတယ်။

## ကျွန်လေးမျိုးနှင့် ကျွန်ကို ရဟန်းခံမပေးရပုံ

ဒီနေရာမှာ ဗုဒ္ဓစာပေမှာ မှတ်တမ်းတင်ထားတဲ့ ကျွန်လေးမျိုးကို ဗဟုသုတအဖြစ် ပြောပြပါအုံးမယ်။

၁။ **အန္တောဇာတ-အိမ်တွင်းကျွန်၊**

မွေးကတည်းက ကျွန်ဖြစ်တဲ့ အိမ်ကကျွန်မရဲ့သားပါ၊ အိမ်ကကျွန်မရဲ့သားဟာ အမေက ကျွန်မဆိုတော့ သားသမီးကလည်း အလိုလို ကျွန်ဖြစ်ရပါတော့တယ်။

၂။ **ဓနက္ကီတ-ငွေဝယ်ကျွန်၊**

ရွှေ ငွေ ဥစ္စာနဲ့ ဝယ်ထားတဲ့ကျွန်၊ မိဘတို့ရဲ့အထံမှ သားကိုဖြစ်စေ၊ သမီးကိုဖြစ်စေ၊ ကျွန်ပိုင်ရှင်တို့ရဲ့အထံမှ ကျွန်ကိုဖြစ်စေ အရပ်ဒေသအလိုက် အရပ်ဒေသ ထုံးစံနှင့်အညီ ကြော်ငြာပြီးတော့ ဝယ်ယူထားတဲ့ ကျွန်ဖြစ်ပါတယ်။

၃။ ကရမရာနိတ-သုံ့ပန်းကျွန်၊

နိုင်ငံတစ်နိုင်ငံကို စစ်တိုက်လို့ ဖြစ်စေ၊ လုယက်ဖျက်ဆီးလို့ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံမှ ခေါ်ဆောင်လာတဲ့ သုံ့ပန်း ကျွန်ယောကျ်ား ကျွန်မိန်းမများ ဖြစ်ပါတယ်။

ဒီခေတ်မှာ လူကုန်ကူးခံရတယ်ဆိုတာ ဒီကရမရာနိတကျွန်မျိုးပါ။

တစ်ဖက်နိုင်ငံမှာ သို့မဟုတ် နိုင်ငံခြားမှာ အလုပ်ကောင်းကောင်း ရှာပေးမယ်၊ တစ်လမှာ ဒေါ်လာတွေ ဘယ်လောက်ရမယ်စသဖြင့် မက်လုံးပေးပြီးတော့ ရောင်းစားခံရတဲ့သူတွေရှိပါတယ်။

၄။ သာမံဒါသဗျ-အလိုတူကျွန်၊

စားဝတ်နေရေးခက်ခဲတဲ့အတွက်ကြောင့်ဖြစ်စေ၊ စောင့်ရှောက်မဲ့ မိုခိုရမဲ့ မိဘစသူများ မရှိတဲ့အတွက်ကြောင့်ဖြစ်စေ 'ကျွန်တော်ဟာ အရှင်ရဲ့ကျွန်ပါ' လို့ ကိုယ်တိုင်ကျွန်ခံတဲ့သူဖြစ်ပါတယ်။

ကဲ- ဦးဇင်းတို့ပရိသတ်တွေ ရဟန်းခံ,ရှင်ပြု အလှူတော်မင်္ဂလာ ကျင်းပပြုလုပ်တဲ့အခါမှာဖြစ်စေ၊ သင်္ကြန်အချိန်မှာဖြစ်စေ ဒုလ္လဘရဟန်းဝတ်ကြပါတယ်။ ရဟန်းခံတဲ့အခါ သိမ်ထည်းမှာ ရဟန်းလောင်းကို ဆုံးမပါတယ်၊ ရဟန်းလောင်းဆုံးမတဲ့

အရှင်မြတ်က ရဟန်းလောင်းကို 'သင် ကျွန်များဖြစ်နေသလား' လို့မေးပါတယ်။

ဘယ်လိုမေးပါသလဲ?

သင် ကျွန်များဖြစ်နေသလားပါဘုရား။

ရဟန်းလောင်းက ဘယ်လိုဖြေသလဲဆိုတော့ 'ကျွန် မဟုတ်ပါဘုရား' တဲ့။

ဘယ်လိုတဲ့လဲ?

ကျွန် မဟုတ်ပါဘုရား၊

အေး ကျွန်,မဟုတ်မှသာ ကျွန်အဖြစ်မှ တော်လှန်ပြီးသူ ဖြစ်မှသာ ရဟန်းပြုပေးကောင်းပါတယ်။

ကျွန်ဆိုရင် ရဟန်းပြုပေးကောင်းပါ့မလား?

ရဟန်း ပြု မပေးကောင်းပါဘုရား။

မြတ်စွာဘုရား လက်ထက်တော်က ကျွန်တစ်ယောက် ကျွန်ဘဝကလွတ်အောင် အရှင်သခင်ရဲ့ အိမ်ကနေ ထွက်ပြေး လာပြီးတော့ ရဟန်းတော်များအထံမှာ ရဟန်းခံပေးဘို့ တောင်း ပန်ပါတယ်။ ရဟန်းတော်များက အဲဒီကျွန်အား ရဟန်းခံပေးလိုက် ကြပါတယ်။

တစ်နေ့တော့ ကျွန်ပိုင်ရှင်တွေက အဲဒီရဟန်းကို တွေ့မြင် သွားကြပါတယ်။ ကျွန်ပိုင်ရှင်တွေက အခုလို ပြောကြပါတယ်။

ဒီရဟန်းဟာ ငါတို့အိမ်မှ ထွက်ပြေးသွားတဲ့ ကျွန်ပါ၊ ငါတို့ရဲ့ ကျွန်ပါ၊ အခု ဒီရဟန်းကို ပြန်ခေါ်ကြမယ်လို့ ပြောကြပါတယ်။

အဲဒီတော့ အချို့လူတွေက အခုလို ပြောကြပါတယ်၊ အရှင်တို့! အဲသလို မပြောကြပါနဲ့။ မာဂဓတိုင်းကို စိုးမိုးအုပ်ချုပ်တဲ့ ဗိမ္ဗိသာရဘုရင်က အခုလို အမိန့်ထုတ်ထား ပါတယ်။

"အကြင်ပုဂ္ဂိုလ်တွေဟာ သာကီဝင်မင်းသား မြတ်ဘုရား ရဲ့ သားတော်ဖြစ်ကြတဲ့ ရဟန်းတော်များအထံမှာ ရှင်ရဟန်း ပြုကြပါတယ်။ ရဟန်းတော်များအထံမှာ ရှင်ရဟန်း ပြုကြတဲ့ ထိုပုဂ္ဂိုလ်များကို ဘာအပြစ်ကိုမှ ပြုခွင့်မရှိပါ၊ မည်သည့် အကြောင်းကြောင့်မျှ အနှောက်အယှက် မပေးရပါ။

မြတ်စွာဘုရားဟာ တရားတော်ကို ကောင်းစွာ ဟော တော်မူထားပါတယ်။ ထိုပုဂ္ဂိုလ်များဟာ ဝဋ်ဆင်းရဲ၏အဆုံးကို ပြုဖို့ရာ ကောင်းကောင်းမွန်မွန် ချမ်းချမ်းသာသာ မြတ်သော အကျင့်ကို ကျင့်ကြပါစေ"လို့ အမိန့်ထုတ်ပြန်ထားပါတယ်။

အရှင်တို့ ! ဒီရဟန်းကို ပြန်မခေါ်ကြပါနဲ့၊ မဖျက်ဆီးကြ ပါနဲ့၊ မနှောက်ယှက်ကြပါနဲ့-လို့ ပြောဆို တားမြစ်ကြပါတယ်၊

အဲဒီတော့ ကျွန်ပိုင်ရှင်တွေက ရဟန်းများကို ကဲ့ရဲ့ကြပါ တယ်၊ ရှုတ်ချကြပါတယ်၊ အပြစ်ပြ ပြောဆိုကြပါတယ်။

ဒီ သာကီဝင်မင်းသား မြတ်ဘုရားရဲ့ သားတော်ဖြစ်ကြတဲ့ ရဟန်းများဟာ ဘေးမဲ့တွေသာဖြစ်ကြတယ်။ ဒီရဟန်းတွေကို ဘာကိုမျှ ပြုခွင့် မရပါ။ အဘယ်အကြောင်းကြောင့် ရဟန်းများဟာ ကျွန်ကို ရဟန်းခံပေးရတာလဲ-လို့ ကဲ့ရဲ့ကြပါတယ်၊ ရှုံ့ချကြပါတယ်၊ အပြစ်ပြ ပြောဆိုကြပါတယ်။

ဒီအကြောင်းကို ရဟန်းတော်များက မြတ်စွာဘုရားအား တင်ပြ လျှောက်ထားကြပါတယ်။

အဲဒီအခါ မြတ်စွာဘုရားက-

ရဟန်းတို့! ကျွန်ကို ရဟန်းပြုပေးတဲ့ ရဟန်းခံပေးတဲ့ သံဃာတော်များအား ဒုက္ကဋ် အာပတ်သင့်စေလို့ မြတ်စွာဘုရားက အမိန့်တော်မြတ် သတ်မှတ်တော်မူထားပါတယ်၊ သိက္ခာပုဒ် ပညတ်တော်မူထားပါတယ်။

========

သူဌေးသမီးဘဝမှ

## ကျွန်မ ဖြစ်ရတဲ့ ခုဇ္ဇုတ္တရာ

မြတ်စွာဘုရား လက်ထက်တော်က ခုဇ္ဇုတ္တရာဆိုတဲ့ ကျွန်မတစ်ယောက် ရှိပါတယ်။ သူမဟာ ဥဒေနမင်းကြီးရဲ့ ဒေဝီဖြစ်တဲ့ သာမာဝတီမိဖုရားရဲ့ ကျွန်မ ဖြစ်ပါတယ်။ အခိုင်းအစေဖြစ်ပါတယ်။

ခုဇ္ဇုတ္တရာဟာ အစေခံကျွန်မဖြစ်ပေမဲ့ တိပိဋကဓရေ-ပိဋကသုံးပုံဆောင် ဖြစ်ပါတယ်။ ခုဇ္ဇုတ္တရာဟာ မြတ်စွာဘုရားရဲ့ တပည့်ဖြစ်ကြတဲ့ ဗဟုဿုတရှိကြတဲ့ ဓမ္မကထိကဖြစ်ကြတဲ့ ဥပါသိကာမတွေထဲမှာ အသာဆုံး အမြင့်ဆုံး အမြတ်ဆုံး ဗဟုဿုတ ဓမ္မကထိက ဧတဒဂ်ဘွဲ့ထူးကို ရရှိတဲ့ အမျိုးသမီး ဖြစ်ပါတယ်။

ခုဇ္ဇုတ္တရာရဲ့အကြောင်းကို ဆက်လက်တင်ပြပါဦးမယ်၊

ဥတေနမင်းကြီးက သာမာဝတီမိဖုရားအား နေ့စဉ်နေ့တိုင်း ပန်းဖိုး ရှစ်ကျပ်ပေးပါတယ်။ သာမာဝတီရဲ့ကျွန်မ ခုဇ္ဇုတ္တရာက သုမနပန်းသည်ရဲ့အထံသို့ အမြဲ ပန်းသွားဝယ်ရပါတယ်။

တစ်နေ့တော့ သုမနပန်းသည်က မြတ်စွာဘုရားအမှူး ရှိတဲ့ သံဃာတော်များအား ဆွမ်းကပ်ပါတယ်။

အဲဒီ ဆွမ်းကပ်တဲ့နေ့မှာ ပန်းလာဝယ်တဲ့ ခုဇ္ဇုတ္တရာကို သုမနပန်းသည်က အခုလို ပြောပြပါတယ်။

ခုဇ္ဇုတ္တရာ! ငါ ဒီနေ့ မြတ်စွာဘုရားကို ဆွမ်းစားပင့်ထား ပါတယ်။ ဒီနေ့ မြတ်စွာဘုရားကို ပန်းမျိုးစုံတွေနဲ့လည်း ပူဇော် ပါမယ်။

ခုဇ္ဇုတ္တရာ ! သင် စောင့်ပါအုံး၊ နေပါအုံး။ မြတ်စွာဘုရား အမှူးရှိတဲ့ သံဃာတော်များအား ဆွမ်းကပ်တဲ့အခါ ကူညီလုပ်ကိုင် ပေးပါအုံး။ မြတ်စွာဘုရားဟောကြားတော်မူတဲ့ တရားတော်ကို လည်း နာပါအုံး။ တရားနာပြီးမှ ကျန်တဲ့ပန်းတွေကို ယူပြီး သွားတာပေါ့-လို့ ပြောပြပါတယ်။

ခုဇ္ဇုတ္တရာက ကောင်းပါပြီအရှင်-လို့ သုမနပန်းသည် အား ပြောပြပါတယ်၊ လက်ခံလိုက်ပါတယ်။

မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်များ ကြွလာတော် မူတဲ့အခါ ဆွမ်းကပ်ကြပါတယ်၊ အချိုပွဲ ကပ်ကြပါတယ်။ သုမန ပန်းသည်က ဆွမ်းကပ်ပြီးတဲ့အခါ အနုမောဒနာတရား ဟော

ကြား၊ နားကြားကြဘို့ရာ မြတ်စွာဘုရားရဲ့ သပိတ်တော်ကို ယူထားလိုက်ပါတယ်။

ဒါ မြတ်စွာဘုရားရဲ့ လက်ထက်တော်က ထုံးစံလေးပါ။ မြတ်စွာဘုရား တရားဟောမယ်ဆိုရင် မြတ်စွာဘုရားရဲ့ သပိတ်တော်ကို ယူထားလိုက်ပါတယ်။ မြတ်စွာဘုရားမှတပါး အခြား ရဟန်းတော်တစ်ပါးက တရားဟောမယ်ဆိုရင် အဲဒီရဟန်းတော်ရဲ့ သပိတ်ကို ဆွမ်းဒကာက ယူထားလိုက်ပါတယ်။

ကျန်တဲ့ သံဃာတော်များက ကျောင်းတော်သို့ ပြန်ကြွကြ ပါတယ်။ သပိတ်ပိုင်ရှင်က ဆွမ်းအနုမောဒနာတရား ဟောကြားဖို့ နေရစ်ပါတယ်။

အခုလည်း မြတ်စွာဘုရားက သုမနပန်းသည်ရဲ့ အိမ်မှာ နေရစ်တော်မူပါတယ်၊ ပရိသတ်စုံတဲ့အခါ ဆွမ်းအနုမောဒနာ တရား ဟောကြားတော်မူပါတယ်။ ခုဇ္ဇုတ္တရာ ကလည်း မြတ်စွာဘုရားရဲ့ တရားတော်ကို နာယူပါတယ်။

သုမဟာ အခုမှ မြတ်စွာဘုရားကို နီးနီးကပ်ကပ် ဖူးတွေ့ဘူးတာပါ၊ တရားနာဘူးတာပါ။ သာမာဝတီမိဖုရားရဲ့ အလုပ် အကျွေးမ ကျွန်မဆိုတော့ အရင်တုန်းက မြတ်စွာဘုရားထံတော် မှောက်သို့ သွားရောက်ကာ ဖူးမျှော်ချင်ပေမယ့် အခွင့်မသာခဲ့ပါ၊ စိတ်သွားတိုင်း ကိုယ်မပါတဲ့ ကျွန်မဘဝပါ။

ခုဇ္ဇုတ္တရာဟာ ပထမဆုံး နာရတဲ့တရားမို့ ရှိရှိသေသေ

လေးလေးစားစား တရားတော်ကို နာယူပါတယ်၊ စူးစူးစိုက်စိုက် နာယူပါတယ်၊ စိတ်ဝင်တစား နာယူပါတယ်၊ မှတ်မှတ်သားသား နာယူပါတယ်။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်ကို စိတ်ဝင်တစား မှတ်သားနာယူတဲ့အခါ ရုပ်၊နာမ်ခန္ဓာအစဉ်ရဲ့ ဥပါဒ် ဋ္ဌီ ဘင် အခိုက်အတန့်များမှာ ဖြစ်ခြင်း ပျက်ခြင်းသဘော တရားတွေကို အထင်အရှား သိမြင်လာပါတယ်။ ရုပ်တရား နာမ်တရားတို့ရဲ့ အမြဲမရှိခြင်း အနိစ္စသဘော၊ ဆင်းရဲခြင်း ဒုက္ခသဘော၊ အစိုးမရခြင်း အနတ္တသဘောတို့ကို ပြတ်သား ထင်ထင် သိမြင်လာပါတယ်။

ခုဇ္ဇုတ္တရာကျွန်မဟာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်ကို နာယူနေစဉ်အချိန်မှာပင် ပုထုဇဉ်ဘဝကို လွန်မြောက်ကာ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်သွားပါတော့တယ်။ သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားပါတော့တယ်။

ခုဇ္ဇုတ္တရာဟာ အရင့်အရင်နေ့တွေက သာမာဝတီမိဖုရား ပေးလိုက်တဲ့ ပန်းဖိုးရှစ်ကျပ်ထည်းက လေးကျပ်ကို သူ့အတွက် ယူ၊ယူထားပါတယ်။ လေးကျပ်ဖိုး၊လေးကျပ်ဖိုးသာ ပန်းဝယ်ယူ ပါတယ်။ သူမန ပန်းသည်ရဲ့ ဆွမ်းကပ်တဲ့နေ့ သူမရဲ့ သောတာပန်ဖြစ်တဲ့နေ့မှာတော့ ရှစ်ကျပ်ဖိုးလုံး ပန်းတွေကို ဝယ်ယူသွားပါတယ်။

အဲဒီအခါ သာမာဝတီမိဖုရားက ပန်းတွေအများကြီးကို မြင်တွေ့ရတဲ့အခါ ခုဇ္ဇုတ္တရာအား မေးပါတယ်။ သာမာဝတီမိဖုရားက ခုဇ္ဇုတ္တရာဟာ ကျွန်မဖြစ်နေပေမယ့် ခုဇ္ဇုတ္တရာအား လေးစားပါတယ်။ ခေါ်တဲ့အခါ နူးညံ့သိမ်မွေ့စွာ အမေလို့ပဲ ခေါ်ပါတယ်။ အမေ ဒီနေ့ ကျွမတို့အတွက် ဘုရင်မင်းမြတ်က နှစ်ဆဖိုး ပန်းဖိုးတွေပေးလိုက်ပါသလားလို့ မေးပါတယ်။

**ခုဇ္ဇုတ္တရာ** - မပေးလိုက်ပါ အရှင်မ။

**သာမာဝတီ**- ဒီလိုဆိုရင် ဘာကြောင့် ပန်းတွေများနေရတာလဲ။

**ခုဇ္ဇုတ္တရာ** - အရင်အရင်နေ့တွေက လေးကျပ် ကျွန်မအတွက် ယူထားပါတယ်၊ လေးကျပ်ဖိုးသာ ပန်းတွေကို ဝယ်ခဲ့ပါတယ်။

**သာမာဝတီ**- ဒီနေ့တော့ ဘာကြောင့် လေးကျပ်ကို အမိအတွက် မယူတာလဲ။

**ခုဇ္ဇုတ္တရာ** မြတ်စွာဘုရားရဲ့ တရားတော်ကို နာခဲ့ရလို့ သောတာပတ္တိမဂ် သောတာပတ္တိ ဖိုလ်ကို ရခဲ့လို့ပါ။

အဲဒီလို ပြောပြတဲ့အခါ သာမာဝတီမိဖုရားက ပျက်သော ကျွန်မ၊ အယုတ်တမာမ၊ ကြာမြင့်စွာသောအချိန်ကာလတည်းက သင်ယူထားတဲ့ ပိုက်ဆံတွေကို ငါ့အားပြန်ပေးပါ-လို့ မပြောပါ

မကြိမ်းမောင်းပါ၊ မမာန်မဲပါ၊ ဒေါသအမျက် မထွက်ပါ၊ မခြိမ်း ခြောက်ပါ။

ဒီနေရာမှာ သာမာဝတီမိဖုရားရဲ့ စိတ်ထား သဘောထား ကိုလေးစားသင့်ပါတယ်။ သာမာဝတီမိဖုရားက အခုလို ဆက်လက် ပြောပြပါတယ်။

အမေ ! သင် သောက်သုံးခဲ့ရတဲ့ တရားရေအေး အမြိုက်ဆေးကို ကျွန်မတို့အားလည်း တိုက်ကျွေးပါအုံး၊ ဟောပြ ပါအုံး-လို့ ပန်ကြားပါတယ်၊ မေတ္တာရပ်ခံပါတယ်။

ဒီလိုဆိုရင် ကျွန်မကို ရေချိုးပေးပါအုံးလို့ ခုဇ္ဇုတ္တရာက ပြောပြပါတယ်၊ အမွှေးနံ့သာရေ ချိုးပေးပါအုံးလို့ ခုဇ္ဇုတ္တရာက ပြောပြပါတယ်။ အမွှေးနံ့သာရေတို့ဖြင့် ခုဇ္ဇုတ္တရာအား ရေချိုး ပေးကြပါတယ်၊ နူးညံ့ကောင်းမွန်တဲ့ အဝတ်အစား နှစ်ထည်ကို ပေးကြပါတယ်။

ခုဇ္ဇုတ္တရာဟာ တစ်ထည်ကို ကိုယ်မှာ ဝတ်ဆင်ပါတယ်။ တစ်ထည်ကို လက်ဝဲတစ်ဖက် ပခုံးတစ်ဖက်မှာ ခြုံထားပါတယ်၊ နေရာခင်းခိုင်းပါတယ်၊ ယပ်တောင်ယူခိုင်းပါတယ်၊ တရား ရေအေး အမြိုက်ဆေးကို တိုက်ကျွေးမဲ့ နေရာမှာ ထိုင်၊ ဆန်းကြယ်တဲ့ ယပ်တောင်ကို ကိုင်ပြီးတော့ သာမာဝတီမိဖုရား အမှူးရှိတဲ့ နန်းတွင်းသူ မောင်းမငါးရာတို့အား မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း တရားဟောပါတယ်။

သာမာဝတီ မိဖုရားအမှူးရှိတဲ့ မောင်းမငါးရာတို့ဟာ ခုဇ္ဇုတ္တရာပြောတဲ့ တရားကို ရိုရိုသေသေ လေးလေးစားစား နာယူကြပါတယ်။ ခုဇ္ဇုတ္တရာရဲ့တရားကို နာရတဲ့အခါ သာမာဝတီ အမှူးရှိတဲ့ မောင်းမငါးရာအားလုံး သောတာပန်ပုဂ္ဂိုလ်များ ဖြစ်သွားကြပါတော့တယ်။ မောင်းမငါးရာအားလုံး ခုဇ္ဇုတ္တရာကို ရှိခိုး ဦးချ ကြပါတယ်။

"အမေ ! ဒီနေ့မှစပြီး ရှင်မဟာ ညစ်နွမ်းတဲ့အလုပ် အိမ်ဖော်အလုပ်တွေကို မလုပ်ပါနဲ့တော့။ အကျွန်ုပ်တို့ရဲ့ အမေနေရာ ဆရာနေရာမှာသာ နေပါတော့။ မြတ်စွာဘုရားထံ သွားပြီးတော့ တရားသွားနာပေးပါ။ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်ကို ကျွန်မတို့အား တစ်ဆင့် ပြန်လည် ဟောကြားပေးပါ-လို့ ပြောပြကြပါတယ်၊ တိုက်တွန်းကြပါတယ်၊ မေတ္တာရပ်ခံကြပါတယ်။

ခုဇ္ဇုတ္တရာဟာ မောင်းမငါးရာတို့ တိုက်တွန်းကြတဲ့ အတိုင်း မေတ္တာရပ်ခံကြတဲ့အတိုင်း မြတ်စွာဘုရားအထံတော် သို့သွားရောက်ကာ တရားတော်ကို နာယူပါတယ်။ သာမာဝတီ မိဖုရားအမှူးရှိတဲ့ မောင်းမငါးရာတို့အား တဆင့်ပြန်လည် ဟော ပြပေးပါတယ်။

ခုဇ္ဇုတ္တရာဟာ ဆုတောင်းခဲ့တဲ့အတိုင်း ပါရမီတွေကို ဖြည့်ခဲ့တဲ့အတွက် ပါရမီရှင် မိန်းမသားဖြစ်တဲ့အတွက်ကြောင့်

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်တွေကို နာရဖန် များလေတော့ နောင်သောအခါမှာ တိပိဋကဓရ ပိဋကသုံးပုံ ဆောင်ပုဂ္ဂိုလ် ဖြစ်ပါတယ်။ အာဂမိန်းမသား ဖြစ်ပါတယ်။

မြတ်စွာဘုရားက ဧတဒဂ်ဘွဲ့ထူး ဂုဏ်ထူးပေးတော်မူ တဲ့အခါ -

| | |
|---|---|
| ရဟန်းတော်တွေထည်းက - | လေးဆယ့်တစ်ပါး၊ |
| ရဟန်းမတွေထည်းက - | တစ်ဆယ့်သုံးပါး၊ |
| ဒါယကာတွေထည်းက - | တစ်ဆယ့်တစ်ယောက်၊ |
| ဒါယိကာမတွေထည်းက - | ဆယ်ယောက်၊ |

တို့ကို အသီးအသီး ဧတဒဂ်ဘွဲ့ထူး ဂုဏ်ထူးပေးတော်မူပါတယ်။

ခုဇ္ဇုတ္တရာဟာ ကျွန်မဖြစ်ပေမယ့် အစေခံဖြစ်ပေမယ့် ဒီခေတ်လိုပြောရရင် အိမ်ဖော်ဖြစ်ပေမယ့် ဗဟုသုတရှိကြတဲ့ ဓမ္မကထိကဖြစ်ကြတဲ့ ငါဘုရားရဲ့ တပည့် ဥပါသိကာမ ဒါယိ ကာမတွေထည်းမှာ ခုဇ္ဇုတ္တရာဒါယိကာမဟာ အသာဆုံး ဖြစ်ပါတယ်၊ အမြင့်ဆုံး ဖြစ်ပါတယ်၊ အမြတ်ဆုံး ဖြစ်ပါတယ်လို့ ဧတဒဂ်ဘွဲ့ထူး ပေးတော်မူပါတယ်။ ဗဟုသုတ ဓမ္မကထိက ဧတဒဂ်ဘွဲ့ထူး အပ်နှင်းတော်မူပါတယ်။

ဒီနေရာမှာ ဆက်လက်ပြီးတော့ မြတ်စွာဘုရားကို ရဟန်းတော်များက မေးလျှောက်တဲ့ အကြောင်းအရာကို ပြောပြပါအုံးမယ်၊

ပထမဆုံး ခုဇ္ဇုတ္တရာကို ပုဒ်ခွဲလိုက်ရင် 'ခုဇ္ဇာ'က တစ်ပုဒ်၊ 'ဥတ္တရာ'ကတစ်ပုဒ် ဖြစ်ပါတယ်။

'ဥတ္တရာ'က သူမရဲ့ နာမည်အရင်း ဖြစ်ပါတယ်။'ခုဇ္ဇာ' က မြန်မာလို 'ကုန်းသော'လို့ အဓိပ္ပါယ်ရပါတယ်။

ခါးကုန်းတဲ့ အဘွားတွေကို မြင်ဘူးကြပါတယ်။ တစ်ချို့ အဘွားတွေဆိုရင် လေးကိုင်းသဖွယ် ခါးကုန်းနေကြပါတယ်၊ တစ်ချို့ အဘွားတွေကြတော့ ကျင်တွယ်ချိုးနီးပါးကို ကုန်းနေကြပါတယ်။

ခုဇ္ဇုတ္တရာကလည်း ဒီအတိုင်းပါပဲ။ လေးကိုင်းသဖွယ် ကျင်တွယ်ချိုးနီးပါး ခါးကုန်းနေရှာပါတယ်။ သွားတဲ့ လာတဲ့ အခါ ကုန်းကုန်း ကုန်းကုန်းနဲ့ပါ။ အဲသလို ခါးကုန်းနေတဲ့ အတွက်ကြောင့် ခါးကုန်းသောဥတ္တရာ။ ပါဠိလိုပြောရရင် ''ခုဇ္ဇုတ္တရာ''လို့ အမည်တွင်နေပါတယ်။

ဒါ့ကြောင့် ရဟန်းတော်များက မြတ်စွာဘုရားကို

မြတ်စွာဘုရား ! ခုဇ္ဇုတ္တရာဟာ အဘယ်အကြောင်း ကြောင့် ခါးကုန်းရပါသလဲဘုရားလို့ မေးမြန်းလျှောက်ထား ကြပါတယ်။ **မြတ်စွာဘုရားက ခုဇ္ဇုတ္တရာရဲ့ ခါးကုန်းရခြင်းရဲ့ အကြောင်းကို အခုလို မိန့်ကြားတော်ပါတယ်။**

လွန်လေပြီးသောအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ် မင်း တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေပါတယ်။ ပစ္စေကဗုဒ္ဓါ အရှင်

မြတ်ရှစ်ပါးတို့ကို ပြဟ္မဒတ်မင်းရဲ့ နန်းတော်မှာ အမြဲပင့်ဖိတ်ကာ ဆွမ်းကပ်ကြပါတယ်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရှစ်ပါးတို့ဟာ သင်္ကန်းရုံ သပိတ်ပိုက်ကာ မင်းနန်းတော်သို့ နေ့စဉ် ဆွမ်းစားကြွ ကြပါတယ်။

အဲဒီ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရှစ်ပါးတို့ထဲမှာ ပစ္စေက ဗုဒ္ဓါ အရှင်မြတ်တစ်ပါးက ခါးကုန်းတော်မူပါတယ်။

ခုဇ္ဇုတ္တရာ ဒါယိကာမဟာ အဲဒီအခါက ပြဟ္မဒတ်မင်းရဲ့ မောင်းမမိဿံ အခြွေအရံ ပရိသတ်ထဲမှာ တစ်ဦးအပါအဝင် ဖြစ်ခဲ့ပါတယ်။

မင်းနန်းတော်မှာ ဆွမ်းစားကြွလာတဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းရပါတယ်။ ဝေယျာဝစ္စ ပြု လုပ်ရပါတယ်။ ကိစ္စကြီးငယ် အသွယ်သွယ်ကို ပြုလုပ်ပေးရပါ တယ်။ သူမတို့ဟာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ပြန်ကြွသွားတဲ့ အခါ ဆေးကြ ကြောကြပါတယ်။ ပစ္စည်း ပစ္စယတွေကို သိမ်းကြ ဆည်းကြပါတယ်။

အဲဒီအချိန်မှာ သူမက ကမ္ဗလာခြုံထည်ကို သင်္ကန်းလို ရုံပါတယ်။ ရွှေခွက်ကို သပိတ်လို လက်ကကိုင်ပြီးတော့ "ငါတို့ရဲ့ ပစ္စေကဗုဒ္ဓါအရှင်မြတ်က ဒီလိုကြွတယ်လို့ အမူအရာ လုပ်ပြပါတယ်။ ခါးကုန်းလေးနဲ့ သွား,သွားပြပါတယ်။ ခါးကုန်း လေးနဲ့ သွား,သွားပြတဲ့အကျိုးဆက်ကြောင့် အကုသိုလ်ကံကြောင့်

ခါးကုန်းရခြင်း ဖြစ်ပါတယ်။

ပရိသတ်ရေ ဒီနေရာမှာ အထူးမှတ်သားသင့်ပါတယ်။ သတိထားကာ ကျင့်သုံးဖွယ်ရာ ဖြစ်ပါတယ်။ ဆင်ဆင် ခြင်ခြင် ရှောင်ကြဉ်ဖွယ်ရာ ဖြစ်ပါတယ်။

ပုဂ္ဂိုလ်တစ်ဦးဦးရဲ့ အင်္ဂါခြေလက်ချို့ယွင်းချက်၊ အမူအရာချို့ယွင်းချက်ကို ကြည့်လို့ဖြစ်စေ ပြောင်လှောင်မှု မပြုရပါ။ ပျက်ရယ်မှု မပြုရပါ။ ဟန်ပန်အမူအရာ လုပ်ပြကာ ရယ်စရာ မောစရာအနေနဲ့ လုပ်မပြရပါ။

ခုဇ္ဇုတ္တရာလျောင်းလျာလို ပစ္စေကဗုဒ္ဓါ အရှင်မြတ်ပမာ ကုန်းကုန်းကွကွ လုပ်ပြရင် နောင် ဖြစ်ရာဖြစ်ရာဘဝမှာ ခါးကုန်း ရပါတယ်။ ခါး ကုန်းတတ်ပါတယ်။

ဒေါ့ကျိုးဒေါ့ကျိုး နေတဲ့ပုဂ္ဂိုလ် ထော့နဲ့ထော့နဲ့ သွားတဲ့ ပုဂ္ဂိုလ်ကို တွေ့မြင်ရပြီဆိုကြပါစို့။ အဲဒီပုဂ္ဂိုလ်ရဲ့ ကွယ်ရာမှာ ကိုယ့်အပေါင်းအသင်းတွေရဲ့ရှေ့မှာ ဒေါ့ကျိုးဒေါ့ကျိုး လုပ်ပြမယ်။ ထော့နဲ့ထော့နဲ့ သွားပြမယ်ဆိုရင် ပြောင်လှောင် ပြုလုပ်ပြရင် မိမိလည်း နောင်ဘဝတွေမှာ ဒေါ့ကျိုးဒေါ့ကျိုး ဖြစ်တတ်ပါတယ်။ ထော့နဲ့ထော့နဲ့နဲ့ သွားရတတ်ပါတယ်။ ဝဋ်လိုက်တတ်ပါတယ်။

''ငရဲ အပ၊ ဝဋ် အမြဲ''တဲ့။ ဒါကြောင့် ဖြစ်ရာ ဖြစ်ရာ ဘဝတွေမှာ ဝဋ်မလိုက်ရလေအောင် သတိဆောင်ကာ လိုက်နာ

ကျင့်သုံးရပါမယ်။

**ခုဇ္ဇုတ္တရာရဲ့ တိပိဋကဓရ- ပိဋကသုံးပုံဆောင် ပညာရှိ ပုဂ္ဂိုလ် ပညာတတ်ပုဂ္ဂိုလ် ဖြစ်ရခြင်းရဲ့ အကြောင်းကိုလည်း တင်ပြပါအုံးမယ်။**

ရဟန်းတော်များက မြတ်စွာဘုရားကို ခုဇ္ဇုတ္တရာဟာ အဘယ်အကြောင်းကြောင့် အဘယ်ကုသိုလ်ကံကြောင့် ကြီးသော ပညာရှိသူ ဖြစ်ရပါသလဲ။ တိပိဋကဓရ ဖြစ်ရပါသလဲ-လို့ လျှောက်ထားကြပါတယ်။

မြတ်စွာဘုရားက ရဟန်းတော်များအား ခုဇ္ဇုတ္တရာရဲ့ ကြီးမားသော ပညာရှိဖြစ်ရခြင်းရဲ့ အကြောင်းကို အခုလို မိန့်ကြားတော်မူပါတယ်။

အထက်က တင်ပြခဲ့တဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရှစ်ပါးတို့ပင် ဖြစ်ပါတယ်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရှစ်ပါးတို့ကို ပထမဆုံးနေ့မှာ မင်းရဲ့နန်းတော်မှာ ပင့်ဆောင်လာကြပါတယ်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ရဲ့ သပိတ်များကိုယူကာ နို့ဃနာဆွမ်း အပြည့်ထည့်ကာ လှူဒါန်းကြပါတယ်။ ပစ္စေက ဗုဒ္ဓါ အရှင်မြတ်တို့အား သပိတ်များကို ဆက်ကပ်ကြပါတယ်။

နို့ဃနာဆွမ်းက ချက်ပြီးစဆိုတော့ ပူနေပါတယ်။ နို့ဃနာဆွမ်း အပြည့်ထည့်ထားတဲ့သပိတ်က တအားပူနေတော့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ဟာ လက်ကလေး ပြောင်းလဲကာ

ပြောင်းလဲကာ ယူကြပါတယ်။

ပရိသတ်တွေအနေနဲ့ ထမင်းထည့်ထားတဲ့ ဒန်အိုးကို ဖြစ်စေ ထမင်းအုပ်ကိုဖြစ်စေ မ,တဲ့အခါ လက်ကလေး ပြောင်းလဲကာ ပြောင်းလဲကာ ယူကြသလိုပါ။

ခုဇ္ဇုတ္တရာ လောင်းလျာ နန်းတွင်းသူမက ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေရဲ့ သပိတ်ပူလို့ ပြောင်းလဲကာ ပြောင်းလဲကာ ယူနေကြတဲ့ အမူအရာကို တွေ့မြင်ရပါတယ်။ သူမဟာ ဉာဏ် ကောင်းတဲ့ပုဂ္ဂိုလ် တော်တဲ့ပုဂ္ဂိုလ် ပီသပါပေတယ်။ သူမ မှာရှိတဲ့ ဆင်စွယ်ကွင်း ရှစ်ကွင်းတို့ကို ပစ္စေကဗုဒ္ဓါ အရှင်မြတ် တို့အား လှူဒါန်းလိုက်ပါတယ်။ သပိတ်ခြေ လုပ်ရအောင်လို့ပါ။

"အရှင်ဘုရားတို့ ဒီ ဆင်စွယ်ကွင်းပေါ်မှာ သပိတ်ကို တင်ကာ ယူတော်မူကြပါဘုရား"လို့လျှောက်ထားပါတယ်။ ပူနေ တဲ့ သပိတ်ကို ဆင်စွယ်ကွင်းပေါ်မှာတင် သပိတ်ခြေပေါ်မှာ တင်ပြီးတော့ သပိတ်ကိုပိုက်ရတော့ အဆင်ပြေသွားပါတယ်။ အပူသက်သာသွားပါတယ်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့က ပူနေတဲ့သပိတ်ကို ဆင်စွယ်ကွင်းပေါ်မှာ သပိတ်ခြေပေါ်မှာ တင်ပြီးတော့ သူမကို ကြည့်ကာ ရပ်တော်မူနေကြပါတယ်။

ခုဇ္ဇုတ္တရာလောင်းလျာဖြစ်သူက ပစ္စေကဗုဒ္ဓါ အရှင်မြတ် တို့ရဲ့ အဓိပ္ပါယ်ကို အခြေအနေကို သိပါတယ်။ ဒါကြောင့်

အခုလို လျှောက်ထားပါတယ်။

"အရှင်ဘုရားတို့ တပည့်တော်မအား ဒီ ဆင်စွယ်ကွင်းတို့ဖြင့် အလိုမရှိတော့ပါဘုရား။ အသုံးမလိုတော့ပါဘုရား။ အရှင်ဘုရားတို့အား အပြီး စွန့်လှူလိုက်ပါတယ်ဘုရား၊ ယူ၍ ကြွတော်မူကြပါဘုရား" လို့ လျှောက်ထားပါတယ်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရှစ်ပါးတို့ဟာ ဆင်စွယ်ကွင်းပေါ်မှာ သပိတ်ကိုတင်ကာ သီတင်းသုံးနေထိုင်ရာဖြစ်တဲ့ နန္ဒမူလိုဏ်ဂူသို့ ကြွသွားတော်မူကြပါတယ်။

**ခုဇ္ဇုတ္တရာလောင်းလျာ သူမဟာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရှစ်ပါးတို့အား သပိတ်ခြေအဖြစ် ဆင်စွယ်ကွင်း ရှစ်ကွင်းတို့ကို သဒ္ဓါပြဋ္ဌာန်း လှူဒါန်းခဲ့တဲ့အတွက်ကြောင့်** မိမိတို့ရဲ့ ဂေါတမမြတ်စွာဘုရားရှင်ရဲ့ လက်ထက်တော်မှာ တိပိဋကဓရ- ပိဋကသုံးပုံဆောင် ပညာရှင်ပုဂ္ဂိုလ် ဖြစ်ရပါတယ်။

ဒါ့ကြောင့် သူတော်စင်တို့ဟာ စာရှုသူဟာ မိမိရဲ့ ပစ္စည်းကို လှူဒါန်းတဲ့အခါမှာ ဉာဏ်အမြင်ရှိရှိ အမျှော်အမြင်ရှိရှိနဲ့ စေတနာသုံးတန် ပြဋ္ဌာန်းပြီးတော့ စွန့်လွှတ်လှူဒါန်းပါ-လို့ တိုက်တွန်းပါရစေ။

ဉာဏ်အမြင်ရှိရှိ အမျှော်အမြင်ရှိရှိနဲ့ စေတနာသုံးတန် ပြဋ္ဌာန်းကာ လှူဒါန်းပါရင် မဟာပညာရှင်ပုဂ္ဂိုလ် ဖြစ်နိုင်ပါတယ်။

အခု တင်ပြခဲ့တဲ့ ခုဇ္ဇုတ္တရာရဲ့ အကြောင်းအရာဟာ

နိုင်မှာတဲ့ သက်သေသာဓက ဖြစ်ပါတယ်။ (မ္ဓမပဒဋ္ဌ၊၁၊၁၄၄၊)

ရဟန်းတော်များက မြတ်စွာဘုရားကို ခုဇ္ဇုတ္တရာဟာ အဘယ်ကုသိုလ်ကံကြောင့် သောတာပတ္တိဖိုလ် ရ,ရပါသလဲလို့ မေးမြန်းလျှောက်ထားပါတယ်။

ခုဇ္ဇုတ္တရာဟာ ဗာရာဏသီပြည်မှာ နန်းတွင်းသူ ဖြစ်စဉ် အခါက ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ဆွမ်းကပ်ခြင်း ဆွမ်းလောင်း ခြင်းစသည့် ကုသိုလ်ရေးတို့၌ ဝေယျာဝစ္စ ကိစ္စကြီးငယ် အသွယ် သွယ်ကို ပြုလုပ်ခဲ့ပါတယ်။

**ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား ပြုစုလုပ်ကျွေးခဲ့ပါတယ်။ အဲဒီဝေယျာဝစ္စကုသိုလ်ကြောင့် သောတာပတ္တိဖိုလ်ကို ရ,ရပါ တယ်။ သောတာပန်ပုဂ္ဂိုလ် ဖြစ်ရပါတယ်။**

သူတော်စင်တို့ဟာ စာရှုသူဟာ ခုဇ္ဇုတ္တရာရဲ့ သောတာပန် ဖြစ်ရခြင်းရဲ့ အကြောင်းကို သိရပါပြီ။ မှတ်သားရပါပြီ။

**ဒါ့ကြောင့် ဝေယျာဝစ္စကုသိုလ်ကို အထင်မသေးလိုက် ပါနဲ့။ ဘုရားပစ္စေကဗုဒ္ဓါ သံဃာတော်များရဲ့ ဝေယျာဝစ္စ ကိစ္စကြီးငယ် အသွယ်သွယ်ကို ပြုလုပ်ရခြင်းဟာ သောတာပန် ပုဂ္ဂိုလ်ဖြစ်ကြောင်း အရိယာပုဂ္ဂိုလ်ဖြစ်ကြောင်း ဖြစ်ပါတယ်။ မှီရာကောင်းဖြစ်တဲ့ ဥပနိဿယပစ္စည်း ဖြစ်ပါတယ်။**

ရဟန်းတော်များက မြတ်စွာဘုရားကို ခုဇ္ဇုတ္တရာဟာ အဘယ်ကံကြောင့် သူတပါးတို့ရဲ့ အခိုင်းအစေ ဖြစ်ရပါသလဲ၊

အစေခံ ဖြစ်ရပါသလဲ၊ အိမ်ဖော်ဖြစ်ရပါသလဲ၊ ကျွန်မ ဖြစ်ရပါသလဲ-လို့ မေးမြန်းလျှောက်ထားကြပါတယ်။

မြတ်စွာဘုရားက **ခုဇ္ဇုတ္တရာရဲ့ ကျွန်မ ဖြစ်ရခြင်းရဲ့ အကြောင်းကို** အခုလို မိန့်ကြားတော်မူပါတယ်။

ကဿပဘုရားရှင်လက်ထက်တော်အခါက ဖြစ်ပါတယ်။ အဲဒီအခါက ခုဇ္ဇုတ္တရာလောင်းလျာမဟာ သူဌေးသမီး တစ်ယောက် ဖြစ်ခဲ့ပါတယ်။

ဗာရာဏသီသူဌေးရဲ့ သမီးပါ။ သူဌေးသမီးဟာ ညနေပိုင်းမှာ အလှပြင်နေပါတယ်။ မှန်လေးကိုကိုင်ကာ မျက်နှာလေးပွတ်လိုက် ဆံပင်လေးသလိုက်နဲ့ အလှပြင်နေတာဖြစ်ပါတယ်။ မိန်းမသားဆိုတော့ အလှအပ ချယ်ရ သ,ရ ပြင်ရ,ဆင်ရတာကိုး။

သူဌေးသမီးအား ချစ်ခင်တဲ့ ရင်းနှီးကျွမ်းဝင်တဲ့ ဘိက္ခုနီမ တစ်ယောက်ရှိပါတယ်။

အဲဒီ ဘိက္ခုနီမက အာသဝေါကင်းကွာ ရဟန္တာမကြီးပါ။ တကယ့် အရိယာ သူတော်စင်မကြီးပါ။ ရဟန္တာဘိက္ခုနီမကြီးက သူဌေးသမီးလေးနဲ့ တွေ့ချင်လို့ ကြွလာပါတယ်။

မှန်ပါတယ်။ ဘိက္ခုနီမများဟာ အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်များ ဖြစ်ကြပေမယ့် ညနေချမ်းအချိန်မှာ အလုပ်အကျွေး ဒါယကာ ဒါယိကာမတွေကို တွေ့လို မြင်လိုကြပါတယ်။

ရဟန္တာဖြစ်တဲ့ ဘိက္ခုနီမဟာ သူဌေးသမီးအထံသို့ ကြွလာတဲ့အခါ သူဌေးသမီးရဲ့အနားမှာ အခိုင်းအစေ တစ်ယောက်မှ မရှိပါ။ သူဌေးသမီးကလေးက အလှပြင်နေဆဲဆိုတော့ "အရှင်မ ရှိခိုးပါတယ်။သမီးရဲ့ အလှပြင်တဲ့ပစ္စည်းများ ထည့်ထားတဲ့ ဟို-ဘူးလေး ယူပေးပါအုံး" လို့ ပြောလိုက် ပါတယ်။ ခိုင်းလိုက်ပါတယ်။

အဲဒီအခါမှာ ရဟန္တာထေရီမ,ဘိက္ခုနီမက အခုလို စဉ်းစားမိပါတယ်။

'ငါဟာ ဒီသူဌေးသမီးလေးအား အလှပြင်တဲ့ ပစ္စည်းများ ထည့်ထားတဲ့ဘူးကို မယူပေးရင် ငါ့ကိုစိတ်ဆိုး လိမ့်မယ်။ ဒီသူဌေးသမီးလေး ငါ့ကိုစိတ်ဆိုးရင် ငရဲမှာ ကျရှာ လိမ့်မယ်။ ငါက ဘူးကို ယူပေးခဲ့ရင် ဒီသူဌေးသမီးလေးဟာ သူတပါးရဲ့ အစေအခံ ဖြစ်လိမ့်မယ်။ ကျွန်ဖြစ်လိမ့်မယ်။

ဒီသူဌေးသမီးလေးဟာ ငရဲမှာ ဖြစ်ရတာထက် ငရဲမီးရဲ့ အပူထက် သူတပါးရဲ့အစေခံ ဖြစ်ရတာက မြတ်ပါသေးတယ်။ ကျွန်ဖြစ်ရတာက ကောင်းပါသေးတယ်။ သက်သာပါသေးတယ် လို့ စဉ်းစားမိပါတယ်။ ကြံတွေးမိပါတယ်။

ရဟန္တာဘိက္ခုနီမဟာ သူဌေးသမီးလေးကို သနားတဲ့ အတွက်ကြောင့် ဘူးလေးကို ယူပေးလိုက်ပါတော့တယ်။

**သူဌေးသမီးလေးဟာ မိမိထက် အသက်သိက္ခာ ဂုဏ်ဝါ**

မြင့်တဲ့ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတဲ့ ရဟန္တာဘိက္ခုနီမကို အနိုင်းအစေသဖွယ် စေခိုင်းခဲ့တဲ့ အကုသိုလ်ကံကြောင့် သူတပါး တို့ရဲ့ အခိုင်းအစေ ဖြစ်ရပါတော့တယ်။ ကျွန်မဖြစ်ရပါတော့ တယ်။

လူလောကမှာ အခိုင်းအစေ,အစေအခံ,အိမ်ဖော်,ကျွန်မ ဆိုတာ ဆိုလိုရင်းအဓိအပ္ပါယ်ကတော့ အတူတူပဲ ဖြစ်ပါတယ်။ အပြောအဆို အခေါ်အဝေါ် အသုံးအနှုန်း နုတာ,ကြမ်းတာပဲ ကွာပါတယ်။

ဒါ့ကြောင့် သူတော်စင်တို့ဟာ စာရှုသူဟာ ဖြစ်ရာဖြစ်ရာ နောက်နောင်ဘဝတွေမှာ သူတပါးတို့ရဲ့ အခိုင်းအစေ မဖြစ်ရ အောင် ကျွန်,မဖြစ်ရအောင် ခုဇ္ဇုတ္တရာရဲ့ မှားခဲ့တဲ့ သင်ခန်းစာကို ယူကြရမှာ ဖြစ်ရတယ်။

မိမိတို့ထက် အသက်သိက္ခာ ဂုဏ်ဝါမြင့်ကြတဲ့ သီလ ဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့နှင့် ပြည့်စုံကြတဲ့ ရဟန်း,သာမ ဏေ သီလရှင်များကို 'ရှိခိုးပါရဲ့၊ ကန်တော့ပါရဲ့ ' မရိုမသေ ဟိုဟာလေး ယူပေးပါအုံး။ ဟိုဟာလေး လှမ်းပေးပါအုံး စသည်စသည်ဖြင့် အခိုင်းအစေသဖွယ် မစေခိုင်းမိကြပါစေနဲ့- လို့ သတိပေး ပြောကြားပါရစေ။

# နည်းနည်းလေး ပေးလှူခဲ့ပေမဲ့ ခမ်းနားကြီးကျယ်တဲ့ နတ်စည်းစိမ်ကို ခံစားရတဲ့ နတ်သမီးများ

အရှင်မဟာမောဂ္ဂလ္လာန်မထေရ်အား တတိယနတ်သမီးလေးက လာရောက်ကာ ရှိခိုးဦးချပါတယ်၊ ဂါရဝပြုပါတယ်၊ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်က တတိယမြောက် နတ်သမီးလေးကိုလည်း အခုလိုမေးမြန်းတော်မူပါတယ်။

နတ်သမီး ! သင်ကတော့ ဘာကြောင့် ဒီနတ်ပြည်ကို ရောက်လာရပါသလဲ။ အခုလို ကြီးကျယ်ခမ်းနားတဲ့ သားနားတဲ့ လှပဆန်းပြားတဲ့ နတ်ဘုံနတ်နန်းကြီး ဘုံဗိမာန်ကြီးကို ရ,ရပါသလဲလို့ မေးတော်မူပါတယ်။

အဲဒီတတိယမြောက် နတ်သမီးလေးကလည်း အရှင်မဟာမောဂ္ဂလ္လာန်မေးတာကို မဖြေချင်ပါဘူး၊ ပြောမပြချင်ပါဘူး။

အရှင်ဘုရား! တပည့်တော်မကို ဒီအကြောင်း မမေးပါနဲ့ဘုရား။ မဖြေပါရစေနဲ့ဘုရားလို့ တောင်းပန်လျှောက်ထားပါတယ်။

နတ်သမီးလေးက သူ လူ့ဘဝတုန်းက ပြုခဲ့တဲ့ကုသိုလ်က နည်းနည်းဆိုတော့ ပြောပြရမှာ ရှက်လို့ မပြောပါရစေနဲ့လို့ လျှောက်ထားခြင်း ဖြစ်ပါတယ်။

အရှင်မဟာမောဂ္ဂလ္လာန်မထေရ်က နတ်သမီးလေးကို ပြောသာပြောပါ၊ မရှက်ပါနဲ့,မရှက်ပါနဲ့။ လူတွေ အတုယူ ကျင့်သုံးရတာပေါ့။ သင်နတ်သမီး လူပြည်,လူဘဝတုန်းက ပြုခဲ့တဲ့ ကုသိုလ်ကို ပြောပြပါလို့ ဖွတ်အတင်း မေးတဲ့အတွက်ကြောင့် နတ်သမီးလေးက အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ကို အခုလို လျှောက်ထားပြပါတယ်။

**အဟံ ဘန္တေ ဥစ္ဆုခေတ္တံ ရက္ခမာနာ ကေသဘိက္ခုနော ဥစ္ဆုယဋ္ဌိံ အဒါသိံ။**

**ဘန္တေ**-အရှင်ဘုရား၊ **အဟံ**-တပည့်တော်မသည်၊ **ဥစ္ဆုခေတ္တံ**-ကြံခင်းကို၊ **ရက္ခမာနာ**-စောင့်နေတဲ့အခါ၊ စောင့်ရှောက်နေတဲ့အခါမှာ၊ **ကေသဘိက္ခုနော**-ရဟန်းတပါးအား၊ **ဧကံ ဥစ္ဆုယဋ္ဌိံ**-ကြံချောင်းတစ်ချောင်းကို၊ **အဒါသိံ**-ပေးလှူခဲ့ပါပြီ။

**တေန**-ထိုသို့ ကြံချောင်းတစ်ချောင်းကို ပေးလှူခဲ့တဲ့အတွက်ကြောင့်၊ **အယံသမ္ပတ္တိ**-ဤစည်းစိမ်ဥစ္စာကို၊ **လဒ္ဓါ**-ရအပ်ပါပြီ။ **ဣတိ**-ဤသို့၊ **အဝေါစ**-ကောင်းစွာမသေ့ လျှောက်ထားလေတော့သတည်း။

သာဓု- သာဓု- သာဓု။

ကဲ တတိယနတ်သမီးနဲ့ တွေ့ဆုံမေးမြန်းတဲ့အခါမှာ အဲဒီ နတ်သမီးလေးကတော့ သူ ဒီစည်းစိမ်ချမ်းသာတွေ ဘာကြောင့် ရ,ရတာလဲဆိုရင် လူ့ဘဝဖြစ်စဉ်အခါတုန်းက ကြံခင်းမှာ စောင့် နေတဲ့ အချိန်မှာ ရဟန်းတော်တစ်ပါးကို ဖူးတွေ့ရပါတယ်။ အဲဒီ ရဟန်းတော်ကို ကြံချောင်းတစ်ချောင်း လှူခဲ့ရပါတယ်။

အဲသလို ကြံတစ်ချောင်းလှူခဲ့တဲ့အတွက်ကြောင့် ယခုလို ကြီးကျယ်ခမ်းနား ဆန်းပြားတဲ့ ဘုံဗိမာန်မှာ နတ်သမီးလာဖြစ်ရ တယ်ဆိုတဲ့အကြောင်းကို လျှောက်ထားပါတယ်။

စတုတ္ထနတ်သမီးလေးကို ဆက်လက်ပြီး သင်နတ်သမီး လေးကတော့ အဘယ်ကုသိုလ်ကြောင့် ဒီနတ်ပြည်မှာ လာဖြစ်ရ ပါသလဲလို့ မေးပါတယ်။

ဒီနတ်သမီးလေးကလည်း သူပြုခဲ့တဲ့ကုသိုလ်က နည်း နည်းလေးမို့ မဖြေချင်ပါ၊ ပြောမပြချင်ပါ။ အရှင်မဟာမောဂ္ဂ- လ္လာန်က ပြောသာပြောပါ-လို့ မရမက ပြောနိုင်းလို့ အခုလို လျှောက်ထားပါတယ်။

**ဧကံ တိမ္ဗရုသကံ အဒါသိံ။**

**ဘန္တေ**-အရှင်ဘုရားမဟာမောဂ္ဂလ္လာန် ၊ **အဟံ**-တပည့် တော်မသည်၊ **ဧကဿဘိက္ခုနော**-ရဟန်းတစ်ပါးအား၊ **ဧကံ တိမ္ဗရုသကံ**-တည်သီးတစ်လုံးကို၊ **အဒါသိံ**-စေတနာသုံးတန် ပြဋ္ဌာန်းကာ အားရဝမ်းသာ လှူဒါန်းခဲ့ပါပြီ။ **ဣတိ**-ဤသို့၊

**အဝေါစ**-ကောင်းစွာမသွေ ထျောက်ထားလေတော့သတည်း။

သာဓု- သာဓု- သာဓု။

ဒီစတုတ္ထနတ်သမီးလေးက သူ လူ့ဘဝ လူဖြစ်စဉ်အခါက ရဟန်းတော်တစ်ပါးအား တည်သီးတစ်လုံး လှူဒါန်းခဲ့ဘူးပါတယ်။

ဘာ,လှူဒါန်းခဲ့ပါသလဲ?

တည်သီးတစ်လုံး လှူဒါန်းခဲ့ပါဘုရား။

အေး သူ့ရဲ့အလှူက နည်းနည်းလေးပါ၊ ငွေကြေးအနေနဲ့ ဘာမှ တန်ဖိုးမကြီးပါဘူး၊ ဘာမှ အကုန်အကျ မများပါဘူး၊ လက်နိုင် ချေနိုင်လေးပါ။

**ပုဗ္ဗစေတနာ**- မလှူခင်မှာ ဝမ်းမြောက်ပါ၊
**မုဥ္စစေတနာ**- လှူနေစဉ်လည်း ဝမ်းမြောက်ပါ၊
**အပရစေတနာ**- လှူပြီးကာလည်း ဝမ်းမြောက်ပါ၊

ဆိုသလို စေတနာသုံးတန်ပြဋ္ဌာန်းပြီးတော့ ဝမ်းမြောက်ဝမ်းသာ လှူဒါန်းတဲ့အတွက်ကြောင့် သဒ္ဓါတရား ထက်ထက်သန်သန် ထားပြီးတော့ လှူဒါန်းတဲ့အတွက်ကြောင့် ကြီးကျယ်ခမ်းနား ဆန်းပြားတဲ့ ဘုံဗိမာန်မှာ ဖြစ်ရပါတယ်၊ နတ်ပြည်မှာ ဖြစ်ရပါတယ်ဆိုတဲ့အကြောင်း ထျောက်ထားပါတယ်။

အရှင်မဟာမောဂ္ဂလ္လာန်မထေရ်က ပဋ္ဌမနတ်သမီးလေးကို သင်နတ်သမီးလေးကတော့ ဘာ့ကြောင့် နတ်ပြည်မှာ ဖြစ်ရပါသလဲ-လို့ မေးတော်မူပါတယ်။ အဲဒီပဋ္ဌမ နတ်သမီးလေးက **ကော် ဋ္ဌောလုကံ အဒါသိ-တဲ့**

ကဲ ပရိသတ်ရေ၊ အကြောင်းယုတ္တိရှိအောင် အကိုးသာဓက ခိုင်မာအောင် ပါဠိလိုပါ ထည့်ပြောလိုက်ပါတယ်။

ပဋ္ဌမနတ်သမီးလေးက သူ လူဖြစ်စဉ်အခါတုန်းက သခွါးခင်းစောင့်နေတဲ့အချိန်မှာ ရဟန်းတော်တစ်ပါးအား ဖူးတွေ့ရပါတယ်။ အဲဒီရဟန်းတော်အား သခွါးသီးတစ်လုံးကို သဒ္ဓါပြဋ္ဌာန်း လှူဒါန်းခဲ့ပါတယ်။ ဝမ်းသာအားရ လှူဒါန်းခဲ့ပါတယ်။ ရဟန်းတော်တစ်ပါးအား သခွါးသီးတစ်လုံးကို သဒ္ဓါပြဋ္ဌာန်းကာ အားရဝမ်းသာ လှူဒါန်းခဲ့တဲ့အတွက်ကြောင့် နတ်ပြည်မှာ နတ်သမီးဖြစ်ရပါကြောင်း လျှောက်ထားပါတယ်။

အရှင်မဟာမောဂ္ဂလ္လာန်မထေရ်က ဆဋ္ဌမနတ်သမီးလေးကိုလည်း အရင်နတ်သမီးလေးတွေအား မေးသလို သင်နတ်သမီးကတော့ အဘယ်ကုသိုလ်ကြောင့် နတ်ပြည်ရောက်ရပါသလဲ-လို့ မေးတော်မူပါတယ်၊ အဲဒီ ဆဋ္ဌမနတ်သမီးကလည်း

**ကော် ဖာရုသကံ အဒါသိ-တဲ့။**

သူကတော့ ရဟန်းတော်တစ်ပါးအား ဖက်သက်ရော်သီး လှူဒါန်းခဲ့ပါတယ်။ ဦးဇင်းတို့ ဝိနည်းမှာ မွန်းလွဲအချိန်မှာ

သောက် ကောင်းတဲ့-

**"သပြေ,သရက်, မုဒရက်,၊ ဖက်သက်,သစ်မည်စည်၊ တော,အိမ်,ငှက်ပျော,၊ ကြာစွယ်နှော မှတ်လော ရှစ် ဖျော်ရည်"** လို့ ဖျော်ရည်ရှစ်မျိုး ရှိပါတယ်။

၁။ သပြေသီးမှည့်ဖျော်ရည်၊

၂။ သရက်သီးမှည့်ဖျော်ရည်၊

၃။ မုဒရက်

၄။ ဖက်သက်

၅။ သစ်မည်စည်၊

၆။ တောငှက်ပျောသီး၊

၇။ အိမ်ငှက်ပျောသီး၊

၈။ ကြာစွယ်ဖျော်ရည်-

ဆိုတဲ့ ဖျော်ရည်ဖျော်သောက်လို့ရတဲ့ သစ်သီးထည်းမှာ ဖက်သက်သီး ဖက်သက်ရော်သီးဆိုတာ ပါ,ပါတယ်။

ကဲ ပရိသတ်ရေ-ဖက်သက်သီး ဖက်သက်ရော်သီးကို မြင်ဘူးလား?

မမြင်ဘူးပါဘုရား။

ဦးဇင်းတို့ ပါဠိစာပေအဘိဓာန်မှာ အရညဝဂ်ဆိုတာ ရှိပါတယ်။ သစ်တောထဲမှာပေါက်တဲ့ သစ်ပင်မျိုးစုံ ပန်းမျိုးစုံ တွေ ပါ,ပါတယ်။ အဲဒီ သစ်ပင်မျိုးစုံတွေ ပန်းမျိုးစုံတွေထည်းမှာ

ကိုယ်မသိတဲ့ ကိုယ်မမြင်ဘူးတဲ့ သစ်ပင်အမည်တွေ ပန်းအမည်တွေ သစ်သီးအမည်တွေ ပါ,ပါတယ်။

ဥပမာဆိုကြပါစို့.- တရုတ်ဆေးနည်း ဂျပန်ဆေးနည်း ကိုရီးယားဆေးနည်းတွေကို ဖတ်ရတဲ့အခါ သူတို့ရေးပြထားတဲ့ တစ်ချို့တစ်ချို့ သစ်သီး သစ်ရွက် သစ်ဥ သစ်ဖုတွေကို ကိုယ်မမြင်ဘူးသလိုပါ၊ ကိုယ်မသိသလိုပါ။

အခုလည်း ဖက်သက်သီး ဖက်သက်ရော်သီးကို ဦးဇင်းတို့ သူတော်စင်တို့ မမြင်ဘူးပေမယ့် ဒီဆင္ဆမနတ်သမီးလေးဟာ ရဟန်းတော်တစ်ပါးအား ဖက်သက်သီး ဖက်သက်ရော်သီးကို လှူဒါန်းခဲ့ရတဲ့ ကုသိုလ်ကြောင့် နတ်ပြည်သို့ ရောက်ရပါကြောင်း အရှင်မဟာမောဂ္ဂလ္လာန်အား လျှောက်ထားပါတယ်။

အရှင်မဟာမောဂ္ဂလ္လာန်မထေရ်က သတ္တမနတ်သမီးကိုလည်း သင်ကတော့ အဘယ်ကုသိုလ်ကြောင့် နတ်ပြည်ရောက်ရပါသလဲ?-လို့ မေးပါတယ်။ အဲဒီ နတ်သမီးလေးက-

**ဧကံ မူလမုဋ္ဌိ အဒါသိံ**-တဲ့။

သူကတော့ လူ့ဘဝတုံးက မုံလာခင်းစောင့်နေတဲ့အချိန်မှာ ရဟန်းတော်တစ်ပါးအား မုံလာပွင့်တစ်ပွင့်ကို လှူဒါန်းခဲ့ရပါတယ်။ အဲသလို ရဟန်းတော်တစ်ပါးအား မုံလာပွင့် တစ်ပွင့်ကို လှူဒါန်းခဲ့ရတဲ့အတွက်ကြောင့် ဒီနတ်ပြည်မှာ လာဖြစ်ရပါကြောင်း လျှောက်ထားပါတယ်။

အရှင်မဟာမောဂ္ဂလ္လာန်မထေရ်က အဋ္ဌမနတ်သီးကို လည်း သင်နတ်သမီးကတော့ အဘယ်ကုသိုလ်ကောင်းမှုကို ပြုခဲ့တဲ့အတွက်ကြောင့် ဒီနတ်ပြည်သို့ ရောက်ရပါသလဲ၊ အခုလို ကြီးကြယ်ခမ်းနား ဆန်းပြားလှတဲ့ ဘုံဗိမာန်မှာ ဖြစ်ရပါသလဲ- လို့ မေးတော်မူပါတယ်။ အဲဒီ အဋ္ဌမနတ်သမီးလေးက-

**ဧကံ နိမ္ဗမုဋ္ဌိ အဒါသိံ**-တဲ့

**ဘန္တေ**-အရှင်ဘုရားမောဂ္ဂလ္လာန်၊ **အဟံ**-တပည့်တော်မ သည်၊ **ဧကေဿဘိက္ခုနော**-ရဟန်းတစ်ပါးအား၊ **ဧကံ နိမ္ဗမုဋ္ဌိ**- တမာရွက်ဆုတ် တစ်ဆုတ်ကို၊ **အဒါသိံ**-ပေးလှူခဲ့ပါပြီ။

**တေန**-ထိုရဟန်းတစ်ပါးအား တမာရွက်ဆုတ် တစ်ဆုတ်ကို ပေးလှူခဲ့ရတဲ့ ထိုအလှူကုသိုလ်ကောင်းမှုကြောင့်၊ **မယာ**-တပည့်တော်မသည်၊ **အယံသမ္ပတ္တိ**-ဤကဲ့သို့ ကြီးကျယ် ခမ်းနား ဆန်းပြားလှတဲ့ နတ်စည်းစိမ်ကို၊ **လဒ္ဓါ**-ရအပ်ပါပြီ၊ **ဣတိ**-ဤသို့၊ **အဝေါစ**-ကောင်းစွာမသွေ လျှောက်ထားလေ တော့သတည်း။

သာဓု- သာဓု- သာဓု။

အဌမနတ်သမီးလေးက လှူခဲ့တာက တမာရွက်တစ်ဆုတ်တဲ့။

သူလှူခဲ့တဲ့ကုသိုလ်က ဘာကုသိုလ်တဲ့လဲ?

တမာရွက်တစ်ဆုတ်ပါဘုရား။

တမာရွက်တွေ ယခုပေါ်နေပါပြီ၊ ဟုတ်လားနော်၊ တမာရွက်တစ်ဆုတ်ဆိုတာ ဘာမှ တန်ဖိုးရှိတာ မဟုတ်ပါဘူး။

ဦးဇင်းတို့ကျောင်းမှာ တမာပင်တွေ ရှိတာကိုး။ တောမှာ တမာပင်တွေ ပေါတာကိုး။ တမာပင်တွေကပေါတော့ ခူးလို့တောင် မနိုင်ပါဘူး။ ဦးဇင်းတို့ကျောင်းအနေနဲ့ ပြောတာပါ။ တောအနေနဲ့ ပြောတာပါ။

မြို့မှာတော့ ဈေးကနေ ဝယ်ရမယ်ဆိုရင် တမာရွက်ပေါ်ဦးပေါ်စမှာ တမာရွက်ဈေးကလည်း မသေးဘူး။ ကြက်သားဈေး ဝက်သားဈေးနီးနီး ရှိ ပါတယ်။

တမာပင်ကနေ ခူးပြီးတော့လှူမယ်ဆိုရင် ဒီနတ်သမီးလေးလို လှူရတဲ့ ကုသိုလ်မျိုးဖြစ်မှာပေ့ါ။ အဲဒီနတ်သမီးလေးကတော့ သူသည် လူ့ဘဝလူဖြစ်စဉ်အခါတုန်းက ရဟန်းတော်တစ်ပါးအား တမာရွက်တစ်ဆုတ် လောင်းလှူခဲ့ဘူးပါတယ်တဲ့။

အဲဒီလို လှူဒါန်းခဲ့တဲ့အတွက်ကြောင့် နတ်ဘဝ နတ်စည်းစိမ်ကို ရ,ရပါတယ်။ ယခုလို ကြီးကျယ်ခမ်းနားဆန်းပြားတဲ့ သားနားတဲ့ စည်းစိမ်ချမ်းသာကို ဖြစ်ရပါတယ်လို့ လျှောက်

ထားပါတယ်။

ကဲ ဦးဇင်းတို့ ယနေ့ကြွရောက်လာကြတဲ့ တရားနာပရိ သတ်အပေါင်း သူတော်ကောင်းတို့တွေ မိမိတို့ နေ့စဉ်နေ့စဉ် သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်မှန်းပြီးတော့ အိမ်မှာ ကိုးကွယ်ထားတဲ့ ရုပ်ပွားဆင်းတုတော်မြတ်ကို ပန်း,ရေချမ်း,ဆီမီး သစ်သီး,ဆွမ်းစတဲ့ လှူဒါန်းဖွယ်အသွယ်သွယ်တွေ လှူဒါန်း ကြပါတယ်။

ယခု ပြောပြခဲ့ ဟောပြခဲ့တဲ့ နတ်သမီးတွေထက်တောင် သာပါတယ်။ မိမိတို့ လှူဒါန်းတဲ့အလှူဒါနတွေ။ ထို့အတူပဲ၊ သံဃာတော်တွေကို ဆွမ်းလောင်းကြတယ်။ ကဲ- အခုလို ဘုရားပွဲတွေ တရားပွဲတွေမှာ ရက်ရက်ရောရော စေတနာသုံးတန် ပြဋ္ဌာန်းပြီးတော့ လှူဒါန်းကြပါတယ်။

အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတွေမှာ လှူဒါန်း ကြပါတယ်။ ထို့အတူပဲ မိမိတို့ရဲ့ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တွေကို ကျွေးမွေးကြပါတယ်။ ပြုစုကြပါတယ်။ စောင့်ရှောက်ကြပါတယ်။ မိမိတို့ရဲ့ မိတ်ဆွေ,သူငယ်ချင်းတွေကို ကျွေးမွေးကြပါတယ်။ ပြုစုကြပါတယ်။ စောင့်ရှောက်ကြ ပါတယ်။ အဲသလို ဒါနကုသိုလ်တွေ အများကြီးပါ။

ဦးဇင်းတို့ သာသနာတော်မှာ ယခုလို နည်းနည်းလေး လှူတဲ့ ကုသိုလ်ကောင်းမှုကတောင် နောက် ဒီလူဘဝ လူခန္ဓာ

အသက်တမ်းကုန် ကံကုန်လို့ စွန့်ခွာသွားရတဲ့အခါ နတ်ပြည်၌ ဖြစ်ရခြင်းဆိုတဲ့ အကျိုးတရား အကျိုးတွေ ရရှိမှာပါ။

ဒါ့ကြောင့်မို့ ဆိုကြည့်ရအောင်--

**အနည်းငယ်မျှ၊ ပေးလှူက၊ မုချနတ်ပြည်ရောက်ပါသည်။**

(ကဲ- သုံးခေါက်လောက် ဆိုကြည့်ရအောင်)

ဥစ္စပေတ

## ကြံခင်းရှင် ပြိတ္တာဝတ္ထု

မြတ်စွာဘုရား ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ်အချိန်က ဖြစ်ပါတယ်၊ အမျိုးသားတစ်ယောက်ဟာ ကြံစည်းကို ထမ်းကာ ကြံတစ်ချောင်းကို စားရင်းစားရင်း သွားနေပါတယ်။ သီလနှင့် ပြည့်စုံတဲ့ ကိုယ်ကျင့်တရားကောင်းတဲ့ အမျိုးသားတစ်ဦးဟာလည်း ကလေးငယ်ကို ချီကာ ကြံစည်းကို ထမ်းတဲ့ အမျိုးသားရဲ့ နောက်ကနေ သွားနေပါတယ်။

ကလေးငယ်က ကလေးရဲ့သဘာဝအတိုင်း ကြံကို မြင်တဲ့အခါ ငိုပြီးတောင်းပါတယ်။ ကလေးရှင်အမျိုးသားက ကြံစည်းရှင်အမျိုးသားနှင့် အာလာပ သလ္လာပ ပြောပါတယ်။ စကားစမည်ပြောပါတယ်။ ကြံစည်းရှင် ယောကျ်ားက တစ်ခွန်းမှ ပြန် မပြောပါ၊ ခပ်တည်တည်ပါ။ ကလေးငယ်အားလည်း ကြံတစ်ဆစ်မျှ မပေးပါ။

ကလေးပိုင်ရှင် အမျိုးသားက 'မိတ်ဆွေ ဒီကလေးက တအားငို နေပါတယ်၊ ကြံတစ်ချောင်းလောက် ပေးပါ'လို့ ပြောရပါတော့တယ်။ အဲဒီလို ပြောသံကို ကြားရတဲ့အခါ ကြံရှင်အမျိုးသားဟာ ဆူပါတယ်၊ ကြိမ်းမောင်းပါတယ်။ **ဒေါသထွက်ထွက်နဲ့ မရှိမသေ မလေးမစား ကြံတစ်ချောင်းကို နောက်ပြန်ပစ်ကာ ပေးလိုက်ပါတယ်။**

ကြံစည်းရှင် အမျိုးသားဟာ နောင် ကွယ်လွန်တဲ့အခါမှာ 'လောဘကြောင့်သေ ပြိတ္တာပြေ'ဆိုတဲ့အတိုင်း ပြိတ္တာဘုံမှာ ဖြစ်ပါတယ်။ 'အကြောင်းကြောင့် အကျိုးဖြစ်'ဆိုတဲ့အတိုင်း အဲဒီ ပြိတ္တာအား ရှစ်ပယ်မျှရှိတဲ့ အရပ်ကိုလွှမ်းခြုံကာ ကြံတွေပေါက် နေပါတယ်၊ ကြံတောကြီး ဖြစ်နေပါတယ်။

ကြံတွေအရောင်က မျက်စဉ်းညိုအဆင်းရှိပါတယ်။ ကြံချောင်းကြီးတွေက ကျည်ပွေ့လောက် လုံးရှီးလောက် ရှိကြပါတယ်။ သန်သန်မာမာ ထွားထွားကြိုင်းကြိုင်းတွေပါ။

ပြိတ္တာက ကြံစားချင်လို့ "ကြံကို ယူမယ်"ဆိုတဲ့စိတ်ကူးနဲ့ ကြံခင်းနားသို့ သွားပါတယ်။ ကြံခင်းနား ကပ်လိုက်တာနဲ့ သူ့ကို ကြံတွေက ပုတ်ခတ်ပါတယ်။ ရိုက်နှက်ပါတယ်။ ပြိတ္တာဟာ ကြံတွေရဲ့ ပုတ်ခတ် ရိုက်နှက်တဲ့ဒဏ်ကြောင့် မူးမေ့လည်းကျသွားပါတော့တယ်။

**ဒီလို ဖြစ်ရတာဟာ ကလေးအား ကြံကို မပေးချင်**

**ပေးချင် မရှိမသေ မလေးမစား နောက်ပြန် ပစ်ပေးခဲ့တဲ့ အတွက် ကြောင့် ဖြစ်ပါတယ်။** ကလေးအား ကြံတစ်ချောင်းကို ပေးခဲ့တဲ့ ကုသိုလ်ကြောင့် စိမ်းစို ညိုမှိုင်းနေတဲ့ ထွားထွား ကြိုင်းကြိုင်း ရှိတဲ့ ကြံခင်းကြီးတော့ ရပါတယ်။ **ဒါပေမဲ့ မရှိမသေ မလေးမစား နောက်ပြန်ပစ်ပေးခဲ့တဲ့ အတွက်ကြောင့် ကြံကို မစားရရှာပါ။ မစားရရုံမက ကြံပင်တွေရဲ့ ပုတ်ခတ် ရိုက်နှက်တဲ့ ဒဏ်ကို မရှုမလှ ခံစားရပါတယ်။**

ဒါကြောင့် ပရိသတ်ရေ မိမိတို့ နိုင်သလောက် လှူတဲ့ တန်းတဲ့အခါမှာ ရိုရိုသေသေ လေးလေးစားစား လှူရပါတယ်။ ဂါရဝတရားထားကာ လှူဒါန်းရပါမယ်။

တစ်နေ့မှာ အရှင်မဟာမောဂ္ဂလ္လာန်ဟာ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွတော်မူပါတယ်။ လမ်းမှာ အဲဒီပြိတ္တာကို တွေ့ပါတယ်။ အရှင်မဟာမောဂ္ဂလ္လာန်အား သူ့ရဲ့အဖြစ်ကို လျှောက်ထားပြပါတယ်။

အရှင်မဟာမောဂ္ဂလ္လာန်က အရင်ဘဝက ပြိတ္တာပြုခဲ့တဲ့ စိတ်ဆိုးခဲ့တဲ့ မရှိမသေ မလေးမစားပေးခဲ့တဲ့ အကုသိုလ်ကံကို ပြန်လည်ဟောပြတော်မူပါတယ်။ ကြံကိုနောက် ပြန်ပစ်ပေးခဲ့တဲ့ အတွက်ကြောင့် နောက်ပြန် နှုတ်ယူရင် ခုတ်ယူရင် ကြံကို စားရလိမ့်မယ်-လို့လည်း နည်းပေးတော်မူပါတယ်။

ပြိတ္တာဟာ မထေရ်မြတ် နည်းပေးတော်မူတဲ့အတိုင်း

ကြံကို နှုတ်ယူ ခုတ်ယူတဲ့အခါ ကြံကို ကောင်းမွန်စွာ စားရပါတယ်။ အရှင်မဟာမောဂ္ဂလ္လာန်ကို ကျေးဇူးတင်လွန်းလို့ ကြံစည်းတစ်ခု ကြီးကြီးစည်းပြီးတော့ မထေရ်မြတ်အား လှူဒါန်းပါတယ်။

အရှင်မဟာမောဂ္ဂလ္လာန်ထေရ်က ပြိတ္တာကို ချီးမြှောက်လိုပါတယ်။ ဒါကြောင့် ကြံစည်းကို ပြိတ္တာကို ထမ်းခိုင်းပါတယ်။ ဝေဠုဝန်ကျောင်းတော်သို့ကြွကာ မြတ်စွာဘုရားအား ပေးလှူခိုင်းပါတယ်။

မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်များဟာ ပြိတ္တာလှူဒါန်းတဲ့ ကြံကို ဘုန်းပေးသုံးဆောင်တော်မူကြပါတယ်။ အနုမောဒနာတရား ဟောကြားတော်မူပါတယ်။

ပြိတ္တာဟာ မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်များအား ကြံစည်းလှူဒါန်းရလို့ ကြည်လင်ရွှင်ပျတဲ့စိတ် ဝမ်းသာပျော်ရွှင်တဲ့စိတ်နဲ့ ပြန်သွားပါတော့တယ်။

အဲဒီအခါမှစလို့ ချမ်းချမ်းသာသာ ကြံကို စားသောက်ရပါတယ်။ ပြိတ္တာဘဝမှ သေလွန်တဲ့အခါ တာဝတိံသာ နတ်ပြည်မှာ ဖြစ်ရပါတယ်။

# ပန်းတစ်ပွင့်သာ
# လှူခဲ့တဲ့ မထေရ်များ

ဒါ့ကြောင့်မို့ ဦးဇင်းတို့ မြတ်စွာဘုရားလက်ထက်က မထေရ်တစ်ပါးက မြတ်စွာဘုရားကို လျှောက်ထားတယ်။

**ဧကပုပ္ဖံ ယဇိတွာန ၊ အသီတိ ကပ္ပကောဋိယော၊**
**ဒုဂ္ဂတိံ နာဘိဇာနာမိ ၊ ဧကပုပ္ဖဿိဒံ ဖလံ။**

**ဧကပုပ္ဖံ**-တပွင့်သောပန်းကို၊ **ယဇိတွာန**-သဒ္ဓါပြဋ္ဌာန်း လှူဒါန်းခဲ့တဲ့အတွက်ကြောင့်၊ **အသီတိ ကပ္ပကောဋိယော**-ကုဋေ ရှစ်ဆယ်သောဘဝတို့ ကာလပတ်လုံး၊ **ဒုဂ္ဂတိံ**-မကောင်းတဲ့ ဘဝကို၊ **ဒုဂ္ဂတိံ**-ငရဲတိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့

မကောင်းတဲ့ဘုံဘဝ မကောင်းတဲ့ဂတိကို၊ **နာဘိဇာနာမိ**- မသိခဲ့ဘူးပါ။

**ဣဒံ**- ဤကုဋေရှစ်ဆယ်သော ဘဝတို့ကာလပတ်လုံး မကောင်းတဲ့ ဘုံဘဝကို မသိခဲ့ရခြင်း၊ မကောင်းတဲ့ဘုံဘဝသို့ မရောက်ခဲ့ရခြင်းသည်၊ **ဧကပုပ္ဖဿ**-တစ်ပွင့်သောပန်းကို စေတနာပြဌာန်းကာ လှူဒါန်းရခြင်း၏၊ **ဖလံ**-အကျိုးတရားစင်စစ် ကေန်အမှန်ပင် ဖြစ်ပါပေတော့သတည်း။

သာဓု-သာဓု-သာဓု။

မထေရ်တစ်ပါးက မြတ်စွာဘုရားကို လျှောက်ထားတဲ့ဂါထာ မှတ်တမ်းတင်ပြီးထားတဲ့အခါမှာ သူကတဲ့ တစ်ခုသော ဘဝမှာ ပန်းတစ်ပွင့်လှူခဲ့ဘူးတာ။

ဘာပဲလှူခဲ့ဘူးတာလဲ?

ပန်းတစ်ပွင့် လှူခဲ့ဖူးတာပါဘုရား။

ပန်းတစ်ပွင့်တဲ့၊ ခုနက ပြောသလို ဦးဇင်းတို့ ဒီနေ့ကြွရောက်လာကြတဲ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့တွေကတော့ ဒီထက်မက ကြီးကျယ်တဲ့ အလှူတွေ တန်ဖိုးရှိတဲ့အလှူတွေ ပေးလှူနေကြတဲ့ ပုဂ္ဂိုလ်တွေပါ။

ဒါကြောင့်မို့ ဦးဇင်းတို့တွေ သူတော်စင်တို့တွေ ပန်းတစ်ပွင့်ထက် တန်ဖိုးမက အလှူဒါနတွေ ပြုတဲ့အခါမှာ

စေတနာ သဒ္ဓါတရား ထက်ထက်သန်သန်ထားပြီး လှူဒါန်းရမှာပါ။

ကဲ ဒီမထေရ်ဆိုရင် သူဟာ ပန်းတစ်ပွင့်ကို စေတနာပြဌာန်းပြီး လှူဒါန်းခဲ့တဲ့အတွက်ကြောင့် ကြည်ကြည်လင်လင်ရွှင်ရွှင်ပျပျ ဝမ်းမြောက်ဝမ်းသာ လှူဒါန်းခဲ့တဲ့အတွက်ကြောင့် ဘဝပေါင်း ကုဋ္ဌေရှစ်ဆယ်တဲ့။

ဘယ်လောက်တဲ့လဲ?

ကုဋ္ဌေရှစ်ဆယ်ပါဘုရား။

ကုဋ္ဌေရှစ်ဆယ်၊ သူက ငရဲ၊တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံ မရောက်ခဲ့ရဘဲနဲ့ လူဘဝကျင်လည်လိုက်၊ နတ်ဘဝကျင်လည်လိုက် ဗြဟ္မာဘဝကျင်လည်လိုက်ပေါ့။ ကောင်းတဲ့ဘဝတွေမှာသာ ကျင်လည်ခဲ့ရပါတယ်။

ယခုမြတ်စွာဘုရားနဲ့ တွေ့တဲ့ နောက်ဆုံးဘဝမှာ နိဗ္ဗာန်ချမ်းသာရရှိပြီးတော့ သွားပါတယ်။ အာသဝေါကင်းကွာ ရဟန္တာဖြစ်ပြီးတော့သွားတဲ့ မထေရ်မြတ်ပါ။

ကဲ- ဒါ့ကြောင့် ဆိုကြည့်ရအောင်--

**တစ်ပွင့်သောပန်း လှူဒါန်းသူမှာ၊**
**ရှစ်ဆယ်ဘဝ ကုဋ္ဌေမျှသာ။**

အပါယ်လေးပါး မလားရပါ၊
မြတ်ဗုဒ္ဓ ဟောပြခဲ့သနာ။

## ခဏ္ဍာသုမနထေရ်အကြောင်း

====================

ပန်းတစ်ပွင့် လှူဒါန်းခဲ့ဘူးတဲ့အကြောင်း ကိုယ်တိုင် ဟောပြကြတဲ့ ခဏ္ဍာသုမနထေရ်ရဲ့အကြောင်းကို ဆက်လက် ပြောပြပါအုံးမယ်။

ပဒုမုတ္တရဘုရားရှင်လက်ထက်တော်က ဖြစ်ပါတယ်။ ခဏ္ဍာသုမနထေရ်ရဲ့ အလောင်းလျာဟာ အမျိုးသားတစ်ယောက် ဖြစ်ခဲ့ပါတယ်၊ သူသိတတ်တဲ့အရွယ်မှာ ပဒုမုတ္တရဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပါတယ်။

ပဒုမုတ္တရဘုရားရှင်ရဲ့ ဓာတ်တော်၊မွေတော်များကို ဌာပနာကာ စေတီတည်ကာ ကိုးကွယ်ကြပါတယ်။ အဲဒီ အမျိုး သားက စေတီရဲ့ပတ်ဝန်းကျင်မှာ စန္ဒကူးပွတ်လုံးတိုင်ဖြင့် ကာရံပါတယ် ပူဇော်ပါတယ်။ အဲဒီကုသိုလ်ကောင်းမှုကြောင့် လူပြည် နတ်ပြည်တို့၌ အကြိမ်ကြိမ် စည်းစိမ်ကို ခံစားရ ပါတယ်။

သူဟာ ကဿပဘုရားရှင်ရဲ့လက်ထက်မှာ သူဌေးမျိုး မှာဖြစ်ပါတယ်။ ကဿပဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတဲ့အခါ

ရွှေစေတီကို တည်ထားကိုးကွယ်ကြပါတယ်။ ရွှေစေတီကို မင်းနှင့်ပြည်သူများ ပန်းတို့ဖြင့် ပူဇော်ကြပါတယ်၊

သူဟာ ပန်းတွေက ဝယ်လို့မရ ရှာလို့မရ ဖြစ်နေပါတယ်။ သူဟာ မြတ်လေးပန်း တစ်ပွင့်ကို အဖိုးများစွာပေးကာ ဝယ်ယူပါတယ်။ ရွှေစေတီကို ပူဇော်ပါတယ်။

အဲဒီလို ရွှေစေတီကို မြတ်လေးပန်းဖြင့် ပူဇော်ရတဲ့အခါ သူစိတ်မှာ ဝမ်းသာပီတိ ဝမ်းဆီထိပမာ ဖြစ်ရပါတယ်။ ကြည်ညို တဲ့စိတ်များ တဖွားဖွား ဖြစ်ပေါ်နေပါတယ်။

သူဟာ ကဿပဘုရားရှင်ရဲ့ ရွှေစေတီအား မြတ်လေးပန်း လှူဒါန်းရတဲ့ကုသိုလ်ကြောင့် နတ်ပြည်မှာ လူတို့ရဲ့ အသက်တမ်းဖြင့် နှစ်ပေါင်းကုဋေရှစ်ဆယ် နတ်စည်းစိမ်ကို ခံစား စံစားရပါတယ်။

ဂေါတမမြတ်စွာဘုရားရဲ့ လက်ထက်တော်မှာ ပါဝါ မြို့၊ မလ္လမင်းမျိုးမှာ ဖြစ်ရပါတယ်။ သူ သိနားလည်တဲ့ အရွယ်ရောက်တဲ့ခါ ပါဝါမြို့ စုန္ဒရဲ့ သရက်ဥယျာဉ်မှာ သီတင်း သုံးတော်မူတဲ့ မြတ်စွာဘုရားကို သွားရောက်ဖူးမျှော်ပါတယ်။ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်ကို နာယူ ပါတယ်။

မြတ်စွာဘုရား တရားတော်ကို နာယူရတဲ့အခါ ယုံကြည် ချက် သဒ္ဓါတရားတရားရှိရှိနဲ့ ရဟန်းပြုပါတယ်။ နောင်

ဝိပဿနာတရား ရှုမှတ်ပွားများအားထုတ်တဲ့အခါ မကြာမီပင် အဘိညာဏ်ခြောက်ပါးကို ရရှိပါတယ်။ အာသဝေါကင်းကွာ ရဟန္တာဖြစ်သွား ပါတော့တယ်။ ရဟန္တာဖြစ်ပြီးလို့ မိမိ ရှေးရှေး ဘဝဇာတ်ကြောင်းကို ဆင်ခြင်တော်မူပါတယ်။

**အဲသလို ဆင်ခြင်တဲ့ခါ ကဿပဘုရားရှင်ရဲ့ ရွှေစေတီမှာ မြတ်လေးပန်းဖြင့် ပူဇော်ခဲ့ရတဲ့အတွက်ကြောင့် နတ်စည်းစိမ် နတ်ချမ်းသာကို ခံစားရပုံ နိဗ္ဗာန်ရဘို့ အားကြီးတဲ့ အကြောင်း အထောက်အပံ့ ဖြစ်ရပုံတို့ကို မြင်တော်မူရပါတယ်။** အဲဒီအခါ

**ကေပုပ္ဖံ စဇိတွာန ၊ အသီတိ ဝဿကောဋိယော။**

**သဂ္ဂေသု ပရိစာရေတွာ ၊ သေသကေနမှိ နိဗ္ဗုတော။**

တစ်ပွင့်သော မြတ်လေးပန်းကို လှူဒါန်းခဲ့ရတဲ့ အတွက်ကြောင့် လူတို့အရေအတွက်အားဖြင့် ကုဋေရှစ်ဆယ်သော နှစ်တို့ပတ်လုံး နတ်ပြည်၌ဖြစ်ပြီးတော့ ထိုကုသိုလ်ကံ၏ အကျိုးကြွင်းဖြင့် ကိလေသာမှ ငြိမ်းသူဖြစ်ရပါတယ်။ အာသဝေါ ကင်းကွာ ရဟန္တာ ဖြစ်ရပါတယ်-လို့ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးတော်မူပါတယ်။

## ဂဏ္ဍိပုပ္ဖိယထေရ်

==================

ပန်းလှူဒါန်းခဲ့ရတဲ့ ကုသိုလ်ကောင်းမှုကြောင့် ကောင်းကျိုးတရား ခံစားရပုံအကြောင်းကို ဆက်လက်ပြောပြပါအုံးမယ်။

ရွှေအဆင်းနှင့်တူတဲ့ အဆင်းရှိတော်မူတဲ့ ဝိပဿီမြတ်စွာဘုရားဟာ သံဃာတော်များခြံရံကာ ကျောင်းတော်မှ ကြွတော်မူလာပါတယ်။ ဂဏ္ဍိပုပ္ဖိယထေရ်ရဲ့ အလောင်းလျာဟာ ကြည်ညိုတဲ့စိတ်ထား ဝမ်းမြောက်တဲ့စိတ်ထားနဲ့ မြတ်စွာဘုရား ကြွတော်မူလာရာ လမ်းခရီးမှာ ညဉ့်မွှေးပန်းကို ကြဲဖြန့်ပူဇော်ခဲ့ပါတယ်။

ညဉ့်မွှေးပန်းနဲ့ ကြဲဖြန့်ပူဇော်ထားတဲ့လမ်းမှာ ကြွမြန်းတော်မူလာတဲ့ မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်များကို ကြည်ညိုနေပါတယ်။ ဝမ်းသာအားရ ဂါရဝဖြင့် ရှိခိုးဦးချ ပါတယ်။

ဒီကမ္ဘာမှ ကိုးဆယ်တစ်ကမ္ဘာထက် မြတ်စွာဘုရားအား ညဉ့်မွှေးပန်း လှူဒါန်းပူဇော်ခဲ့ရတဲ့ ကုသိုလ်ကြောင့် အပါယ်လေးပါးသို့ မလားခဲ့ရပါ။ မကောင်းတဲ့ ဘုံဘဝတို့မှာ မဖြစ်ခဲ့ရဘူးပါ။ လူဘဝ နတ်ဘဝတို့မှာသာ ကျင်လည်ခဲ့ရပါတယ်။ ဖြစ်ခဲ့ရပါတယ်။ စကြဝတေးမင်း ဖြစ်ခဲ့ရပါတယ်။

ဦးဇင်းတို့ ဂေါတမမြတ်စွာဘုရားရဲ့ လက်ထက်တော်မှာ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးတို့ကို ရရှိပါတယ်၊ ကိလေသာကင်းကွာ ရဟန္တာဖြစ်ရပါတယ်။

## ပန်း၊ ဆွမ်းတစ်ထပ်၊ ဆွမ်းတစ်ဖွန်း၊
## လှူခဲ့တဲ့ ထေရီများ

သင္ဂလပုပ္ဖိကာထေရီ

=============

### ထင်းရှူးပန်း လှူခဲ့တဲ့ ထေရီမ

ပန်းလှူဒါန်းခဲ့ဘူးတဲ့ မိန်းမသားများ ထေရီမများ အကြောင်းကိုလည်း ဆက်လက်ပြောပြပါအုံးမယ်။

သင္ဂလပုပ္ဖိကာထေရီမရဲ့ အကြောင်းကို အရင်ဆုံး ပြောပြပါမယ်။ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူစဉ် အချိန်က ဖြစ်ပါတယ်။

သင္ဂလပုပ္ဖိကာထေရီမရဲ့ အလောင်းအလျာဟာ

စန္ဒဘာဂါမြစ်ကမ်းအနီးမှာ ကိန္နရီမဖြစ်ခဲ့ပါတယ်။ ဝိပဿီမြတ်စွာဘုရား စင်္ကြံကြွတော်မူနေတာ လမ်းလျှောက်နေတာကို ဖူးတွေ့ရပါတယ်။ ကိန္နရီမဟာ ထင်းရှူးပန်းကို ဆွတ်ခူးပြီး မြတ်စွာဘုရားအား ပေးလှူပူဇော်ပါတယ်။

ဝိပဿီမြတ်စွာဘုရားက ကိန္နရီမကို ချီးမြှောက်တဲ့ အနေနဲ့ နတ်တို့ရဲ့ ရနံ့ရှိတဲ့ သင်းရနံ့မွှေးပျံ့တဲ့ ထင်းရှူးပန်းကို နမ်းရှူတော်မူပါတယ်။ ကိန္နရီမဟာ သူမ လှူတဲ့ ထင်းရှူးပန်းကို နမ်းရှူတော်မူတဲ့ မြတ်စွာဘုရားကို ဖူးမြော်ကာ ဝမ်းသာ ပျော်ရွှင်နေပါတယ်။ ကြည်ကြည်လင်လင် ဖြစ်နေပါတယ်။ ကြည်ညိုတဲ့ စိတ်ထား တဖွားဖွား ဖြစ်နေပါတယ်။

အဲသလို **ဝိပဿီမြတ်စွာဘုရားအား ကြည်ညိုတဲ့စိတ်ထားနဲ့ ထင်းရှူးပန်း လှူဒါန်းခဲ့ရတဲ့ ကုသိုလ်ကြောင့် ကိန္နရီဘဝမှ ကွယ်လွန်တဲ့ အချိန်ကစပြီးတော့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံသို့ မလားရောက်ခဲ့ဘူးပါ၊ မဖြစ်ခဲ့ဘူးပါ။**

အဲသလို ကိုးဆယ်တစ်ကမ္ဘာလုံးလုံး အပါယ်လေးပါးသို့ မလားရောက်ခဲ့ရခြင်းဟာ ဝိပဿီမြတ်စွာဘုရားအား ပန်းလှူဒါန်း ပူဇော်ခဲ့ရဘူးတဲ့ အကျိုးဖြစ်ကြောင်း အားရဝမ်းသာ ဥဒါန်းကျူးပါတယ်။

ဂေါတမမြတ်စွာဘုရားရဲ့ လက်ထက်တော်မှာ သဋ္ဌလ

ပုပ္ဖိကာထေရီဆိုတဲ့ ဘွဲ့အမည်နဲ့ ဘိက္ခုနီပြုလုပ်ပါတယ်။ သာသနာ့ဝန်ထမ်း ရဟန်းမ ဖြစ်ပါတယ်။ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးတို့ကို ရရှိတဲ့ ဘိက္ခုနီမ ဖြစ်ပါတယ်။ အာသဝေါကင်းကွာ ရဟန္တာထေရီမကြီး ဖြစ်ပါတယ်။

========

## ကေဝိဋ္ဌပါတဒါယိကာထေရီ

==================

### ဆွမ်းတစ်ထပ်စာသာ လှူခဲ့တဲ့ ထေရီမ

ဗန္ဓုမတီမြို့တော်မှာ ဗန္ဓုမာမင်း တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတဲ့ အချိန်ဖြစ်ပါတယ်။

ကေဝိဋ္ဌပါတ ဒါယိကာထေရီမရဲ့ အလောင်းအလျာဟာ ဗန္ဓုမာမင်းရဲ့မိဖုရား ဖြစ်ခဲ့ပါတယ်။ 'ကေဝိဋ္ဌပါတဒါယိကာ'ဆိုတာ ဆွမ်းတစ်ထပ်စာသာ လှူခဲ့သူ ဆွမ်းတစ်ခါစားစာသာ လှူခဲ့သူလို့ အဓိပ္ပါယ်ရပါတယ်။

မိဖုရားဟာ တစ်နေရာမှာ ဆိတ်ငြိမ်ရာမှာ ထိုင်နေပြီး အခုလို စဉ်းစားနေပါတယ်။ ကြံစည်နေပါတယ်။ ငါ့မှာ သံသရာထည်းမှာ ယူသွားဘို့ ပြုထားတဲ့ ကုသိုလ်ကောင်းမှု မရှိပါ၊ ငါဟာ အလွန်ပူပြင်းတဲ့ ကြမ်းတမ်းတဲ့ ချမ်းသာတစ်စက်ကလေး မှမရှိတဲ့ ချမ်းသာမဲ့တဲ့ ငရဲသို့ သွားရလိမ့်မယ်။ ဒီအရာဟာ

ငါ့မှာ ယုံမှားဖွယ်မရှိပါ-လို့ တစ်ယောက်ထည်း စဉ်းစားနေပါတယ်။ ကြံစည်နေပါတယ်။

သူ့ဘ၀အတွက် သံသရာခရီးလမ်း သာယာဖြောင့်တန်းအောင် သာယာဖြောင့်ဖြူးအောင် ဘ၀သံသရာရေး စိတ်အေးရအောင် ဘုရင်မင်းမြတ်ထံ ခွင့်ပန်ပါတယ်။

"အရှင်မင်းမြတ် ! ကျွန်မအား ရဟန်းတစ်ပါး ပေးတော်မူပါ၊ ဆွမ်းတစ်နပ် ကပ်ပါရစေ ဆွမ်းကျွေးပါရစေ" လို့ သံတော်ဦးတင်ပါတယ်။ ဘုရင်မင်းမြတ်က မိဖုရားအား ပွါးပြီးသော ဣန္ဒြေရှိတဲ့ သီလ သမာဓိ ပညာ သိက္ခာတို့နှင့် ပြည့်စုံတဲ့ ရဟန်းတစ်ပါး ပင့်ပေးပါတယ်။

ဒီပရိသတ်တွေထည်းက တစ်ဦးဦး ဆွမ်းစားပင့်ကြတဲ့အခါ သုံးပါးဖြစ်စေ ငါးပါးဖြစ်စေ စသည်ဖြင့် ပင့်ကြပါတယ်။

ဒီမိဖုရားဟာ ဘုရင်မင်းမြတ်ပင့်ပေးတဲ့ ရဟန်းတော်ရဲ့ သပိတ်ကိုယူကာ မွန်မြတ်သော ဆွမ်းတို့ဖြင့် တစ်ပါးစာ ဆက်ကပ်လှူဒါန်းပါတယ်။

အခုလို တစ်ပါးစာ တစ်နပ်စာ ဆွမ်းလှူဒါန်းရတာကို အသက်ထက်ဆုံး အောက်မေ့နေပါတယ်။ အမြဲသတိရနေပါတယ်၊ ဝမ်းသာကြည်နူးနေပါတယ်၊ ပျော်ရွှင်နေပါတယ်။

မိဖုရားဟာ ရဟန်းတော်တစ်ပါးအား ဆွမ်းတစ်နပ်စာ

တစ်ထပ်စာ လှူဒါန်းရတဲ့ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်မှာ ဖြစ်ရပါတယ်။ သုံးကျိပ်သော နတ်မင်းတို့ရဲ့ မိဖုရားဖြစ်ခဲ့ရပါတယ်။ အရာရာမှာ သူမရဲ့စိတ်ထည်းမှာ တောင့်တလိုက်တဲ့အတိုင်း ဖြစ်ရပါတယ်။ လိုတရ အမြဲထာဝရဖြစ်နေပါတယ်။

နှစ်ကျိပ်သော စကြဝတေးမင်းတို့ရဲ့ မိဖုရား ဖြစ်ခဲ့ရပါတယ်။ ကိုးဆယ်တစ်ကမ္ဘာပတ်လုံး ဆွမ်းတစ်ထပ်စာ ကပ်လှူရတဲ့ကုသိုလ်ကြောင့် မကောင်းမှု ပြုသူတို့ရဲ့ လားရောက်ရာဖြစ်တဲ့အပါယ်လေးပါးကို မရောက်ခဲ့ဘူးပါ။ မဖြစ်ခဲ့ဘူးပါ။

ဂေါတမဘုရားရှင်ရဲ့ သာသနာတော်မှာ ကေပိဋကပါတဒါယိကာထေရီမ -အဖြစ်နဲ့ အာသဝေါကင်းကွာ ရဟန္တာထေရီမကြီး ဖြစ်ရပါတော့တယ်။

============

## ကဋစ္ဆုဘိက္ခာဒါယိကာထေရီ

====================

### ဆွမ်းတစ်ဇွန်းသာ လှူခဲ့တဲ့ ထေရီမ

ဦးဇင်းတို့ ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တော်က ကဋစ္ဆုဘိက္ခာဒါယိကာထေရီ- ဆွမ်းတစ်ဇွန်းသာလှူခဲ့တဲ့ ထေရီမက သူမရဲ့အကြောင်းကို အခုလို  ဟောပြ ပြောပြပါ

တယ်။

ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ်နှစ်ကမ္ဘာထက်မှာ ပွင့်တော်မူတဲ့ တိဿဘုရားရှင် လက်ထက်တော်က ဖြစ်ပါတယ်။ သူမဟာ ဆွမ်းတစ်ဇွန်း လောင်းလှူခဲ့ပါတယ်။

တိဿမြတ်စွာဘုရားက ဆွမ်းတစ်ဇွန်းကို အလှူခံပြီးတဲ့အခါ ရပ်တော်မူလျက် အနုမောဒနာတရား ဟောတော်မူပါတယ်။ အခုလိုလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူပါတယ်။

သင်ဟာ တစ်ဇွန်းမျှသော ဆွမ်းကို လောင်းလှူရတဲ့အတွက်ကြောင့် တာဝတိံသာနတ်ပြည်မှာ ဖြစ်ရမယ်။ သုံးကျိပ်ခြောက်ယောက်သော နတ်တို့ရဲ့မိဖုရား ဖြစ်ရပါလိမ့်မယ်။ ငါးကျိပ်သော စကြဝတေးမင်းတို့ရဲ့ မိဖုရား ဖြစ်ရပါလိမ့်မယ်။ စိတ်ဖြင့်တောင့်တတဲ့ အရာအားလုံး အမြဲရလိမ့်မယ်။ စည်းစိမ်ဥစ္စာ အဖြာဖြာကို ခံစား စံပြီးတော့ ကြောင့်ကြမရှိပဲ ရဟန်းပြုရလိမ့်မယ်။ အာသဝေါကင်းကွာ ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်ဝင်စံရလိမ့်မယ်-လို့ မိန့်တော်မူပါတယ်။

ရဟန္တာထေရီမ ဖြစ်တဲ့အခါမှာ တိဿမြတ်စွာဘုရားအား တစ်ဇွန်းသောဆွမ်းကို သဒ္ဓါပြဋ္ဌာန်း ရွှင်လန်းဝမ်းမြောက်စွာ လှူဒါန်းခဲ့ရတဲ့ ကုသိုလ်ကြောင့် နိဗ္ဗာန်သို့ ရောက်ရတဲ့အကြောင်း ကိုးဆယ်နှစ်ကမ္ဘာလုံးလုံး မကောင်းမှု အကုသိုလ်ကို ပြုလုပ်သူတို့ရဲ့ လားရောက်ရာဖြစ်တဲ့ အပါယ်လေးပါးသို့ မရောက်ခဲ့

ဘူးကြောင်း ဟောပြပါတယ်။

ကဲ- ဦးဇင်းတို့ ဆိုလိုရင်းကတော့ အခုလို ပန်းတစ်ပွင့်လေး လှူလိုက်တာနဲ့ ဆွမ်းတစ်ဇွန်း လောင်းလှူလိုက်တာနဲ့ ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသုရကာယ် အပါယ်လေးဘုံ မရောက်ရဘဲနဲ့၊ လူပြည် နတ်ရွာ လူပြည် နတ်ပြည် ပြောင်းပြည်ဆိုတဲ့ ကောင်းတဲ့ဘုံဘဝတွေ ကျင်လည်ပြီးတော့ ပါရမီတွေပြည့်တဲ့ အခါမှာ နောက်ဆုံး အာသဝေါကင်းကွာ ရဟန္တာ ဖြစ်ပါတယ်။ ပရိနိဗ္ဗာန် စံရပါတယ်။ နိဗ္ဗာန်ချမ်းသာရရှိပြီးတော့သွားကြတာ။

အရှင်မဟာမောဂ္ဂလ္လာန်က နတ်သား နတ်သမီးတွေနဲ့ တွေ့ဆုံမေးမြန်းပြီးတော့ မြတ်စွာဘုရားထံရောက်လာ၊ မြတ်စွာဘုရားထံ ရောက်လာတော့ မြတ်စွာဘုရားကို လျှောက်ထားပါတယ်။

**သတ္တာ န ခေါ ဘန္တေ သစ္စကနထမတ္တေန၊ ကောပနိဗ္ဗာပနမတ္တေန၊ အတိပရိတ္တကေန၊ တိမ္ဗရူသကာဒိဒါနမတ္တေန၊ ဒိဗ္ဗသမ္ပတ္တိံ လဒ္ဓုံ။**

**ဘန္တေ**-ရှင်ဘုန်းတော်သခင်ရှင်တော်မြတ်ဘုရား၊ **သစ္စကထနမတ္တေန**-မှန်သောသစ္စာစကားကို ပြောဆိုခြင်းမျှဖြင့်လည်းကောင်း၊ **ကောပနိဗ္ဗာပနမတ္တေန**-စိတ်ဆိုးခြင်းဆိုတဲ့ အမျက်ဒေါသ၊ ကောပကို ငြိမ်းစေခြင်းမျှဖြင့်လည်းကောင်း၊ **အတိပရိတ္တကေန**-အလွန်နည်းလှသော၊ **တိမ္ဗရူသကာဒိဒါန**

**မဇ္ဈေန**-တည်သီးတစ်လုံး သခွားသီးတစ်လုံးစတဲ့ အလှူဒါနကို ပေးလှူခြင်းမှုဖြင့်လည်းကောင်း၊ **ဒိဗ္ဗသမ္ပတ္တိ**-နတ်စည်းစိမ်ကို၊ **လဒ္ဓံ**-ရခြင်းငှါ၊ **သက္ကာနုခေါ**-စွမ်းနိုင်ပါသလော၊

**ဣတိ**-ဤသို့၊ **ဘဂဝန္တံ**-ရွှေဘုန်းသခင် ရှင်တော်မြတ်ကို၊ **အဝေါစ**-ကောင်းစွာမသွေ မေးမြန်းလျှောက်ထားလေတော့သတည်း။

သာဓု- သာဓု- သာဓု။

အရှင်မဟာမောဂ္ဂလ္လာန်မထေရ်က နတ်ပြည်က ပြန်လာပြီးတော့ မြတ်စွာဘုရားထံ ရောက်လာပြီးတော့

မြတ်စွာဘုရား ! ဘာကုသိုလ်မှ မပြုခဲ့ဘဲနဲ့ မှန်သောစကားကို ပြောဆိုတဲ့အတွက်ကြောင့် နတ်ပြည် နတ်ဘဝကို ရောက်နိုင်ပါသလားဘုရား။

ဆက်ပြီးတော့ မိမိမှာ ဒေါသဖြစ်နေမယ်ဆိုရင် ဒေါသဖြစ်ခါနီးပြီဆိုရင် ဒေါသတွေမဖြစ်အောင်၊ စိတ်ဆိုးခြင်းဒေါသအမျက်ထွက်ခြင်း ကောပတွေမဖြစ်အောင် သိမ်းဆည်းရုံမျှနဲ့ နတ်ရွာသုဂတိ ရောက်နိုင်ပါသလားဘုရား။

ထိုအတူပဲ၊ နည်းနည်းလေး ပေးလှူရုံမျှနဲ့ဖြင့် တည်သီးတစ်လုံး သခွားသီးတစ်လုံး တမာရွက်လေးတစ်ဆုတ်တဲ့၊ အဲဒီလို အနည်းငယ်မျှသော အလှူဒါနကို ပြုခဲ့တဲ့အတွက်ကြောင့် နတ်

ရှာ သုဂတိ ရောက်နိုင်ပါသလားဘုရား။

မြတ်စွာဘုရားထံ သူကလျှောက်ထား၊ လျှောက်ထားတဲ့ အခါမှာ ဦးဇင်းတို့မြတ်စွာဘုရားက

ချစ်သားမောဂ္ဂလ္လာန် ! သင်ချစ်သားကို နတ်သား နတ်သမီးတွေက လျှောက်ထားခဲ့ပြီ၊ နတ်သား နတ်သမီးတွေနဲ့ တွေ့ဆုံမေးမြန်းတဲ့အခါမှာ သူတို့က လျှောက်ထားတဲ့အတွက် သင်ကိုယ်တိုင်ပဲ သိခဲ့ပြီ-လို့ မိန့်တော်မူပါတယ်။ ဦးဇင်းတို့ မြတ်စွာဘုရားက ဒီဂါထာကို ဟောတော်မူပါတယ်။

**သစ္စံ ဘဏေ န ကုဇ္ဈေယျ ၊ ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော။**
**ဧတေဟိ တီဟိ ဌာနေဟိ ၊ ဂစ္ဆေ ဒေဝါနသန္တိကေ။**

**သစ္စံ**-မှန်သောစကားကို၊ **ဘဏေ**-ပြောဆိုရာ၏။ **န ကုဇ္ဈေယျ**-အမျက်မထွက်ရာ စိတ်မဆိုးရာ။

**ယာစိတော** သမာနော-တောင်းခံအပ်သော်၊ **အပ္ပမ္ပိ**-အနည်းငယ်မျှသော ဝတ္ထုကိုသော်လည်း၊ **ဒဇ္ဇာ**-သဒ္ဓါကြည်ဖြူ ပေးလှူရာ၏။

**ဧတေဟိ တီဟိဌာနေဟိ**-မှန်သောစကားကို ပြောဆိုခြင်း စိတ်မဆိုးခြင်း အနည်းငယ်မျှသောဝတ္ထုကို ပေးလှူခြင်းဆိုတဲ့ ဤသုံးခုတွင် တစ်ခုခုသော အကြောင်းကြောင့်သော်လည်း၊ **ဒေဝါနံ သန္တိကေ**-နတ်တို့၏အထံသို့၊ **ဂစ္ဆေ**-မုချမှန်စွာ ရောက်နိုင်လေရာ၏။

**ဏုတိ**-ဤသို့၊ **သတ္ထာ**-နတ်လူတို့ဆရာ ဖြစ်တော်မူပြား မြတ်စွာဘုရားသည်၊ **အဝေါစ**-ကောင်းစွာမသွေ မိန့်ကြား တော်မူပါပေသတည်း။

သာဓု- သာဓု- သာဓု။

ဦးဇင်းတို့ မြတ်စွာဘုရားက ရှင်မဟာမောဂ္ဂလ္လာန်နဲ့တကွ ကြွရောက်လာကြတဲ့ ပရိသတ်တွေကို မှန်သောစကားကို ပြောဆို ပါတဲ့လို့ ပထမဆုံး မိန့်တော်မူပါတယ်။

ကဲ ဦးဇင်းတို့တတွေ သူတော်စင်တို့တတွေ ခုနက ပြောခဲ့တဲ့အတိုင်း "မုသားမပါ လက်ာမချောဆိုတဲ့"အတိုင်း လိမ်ညာပြောဆိုခြင်းဆိုတဲ့ မုသားစကား ရှောင်ရှားပြီးတော့ သူတပါးအကျိုးစီးပွားကို မပျက်စေဘဲ သူတပါးကို မထိခိုက်ဘဲ အလွန်မှန်ကန်သောစကားကို အမြဲထာဝစဉ် ပြောဆိုရမယ်။

အဲဒီလို သစ္စာစကား မှန်သောစကားပြောရုံမျှဖြင့် အခြားအခြား ကုသိုလ်တွေ မပြုပေမဲ့ အဲဒီပုဂ္ဂိုလ်သည် လူ့ဘဝ လူ့ခန္ဓာ အသက်တမ်းကုန် ကံကုန်လို့ စွန့်ခွာသွားရတဲ့အခါမှာ၊ နတ်ရွာသုဂတိ ရောက်ရပါတယ်။

နောက် နံပါတ်နှစ်- အမျက်မထွက်ပါနဲ့၊ စိတ်မဆိုးပါနဲ့၊ ဒေါသမကြီးပါနဲ့၊ အာဃာတတွေ ရန်ငြိုးတွေ မထားပါနဲ့လို့ မိန့်တော်မူပါတယ်။

ကဲ ဦးဇင်းတို့တတွေ သူတော်စင်တို့တတွေ အခြား

အခြားသောပုဂ္ဂိုလ်က သူတပါးက မိမိကို လာ,ရန်စပေမဲ့ ကိုယ်က ဒေါသထွက်ချင်လာပြီဆိုရင်တောင် ခုနက နတ်သမီး လေးလိုပေါ့၊ နတ်သမီးလေး လူဖြစ်စဉ်ဘဝက သူ ဒေါသ ဖြစ်လာတဲ့အခါ ဒေါသမဖြစ်အောင် သူ သိမ်းဆည်းတာ ချုပ် တည်းခဲ့တာပါ။

အဲဒီလို မိမိတို့မှာ ဒေါသတွေ စိတ်ဆိုးတာတွေ ကောပတွေ မဖြစ်အောင် သိမ်ဆည်းမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်သည် အမျက်ဒေါသ မဖြစ်တဲ့အတွက်ကြောင့် နတ်ရွာသုဂတိ ရောက် ခြင်းဆိုတဲ့အကျိုးကို ရရှိပါတယ်။

နံပါတ်သုံး- အနည်းငယ်မျှသောပစ္စည်းဝတ္ထုကို သဒ္ဓါ ကြည်ဖြူ ပေးလှူပါ။ စွမ်းနိုင်သမျှ စေတနာထားကာ ပေး လှူပါလို့ မိန့်တော်မူပါတယ်။

သီလရှိတဲ့ ရှင်တွေ,ရဟန်းတွေပေါ့။ မိမိတို့ရဲ့ အိမ်ရှေ့ မှာ ကြွရောက်လာပြီ၊ သို့မဟုတ် အလှူခံတွေ လာပြီဆိုရင်၊ မိမိတို့ အလှူယ်တကူထားတဲ့ အနည်းငယ်မျှသော ပစ္စည်း ဝတ္ထုကိုလည်း ပေးလှူလိုက်ပါ။ အများကြီး မဟုတ်ပါဘူး။

စာမှာ အပ္ပံ-တဲ့၊ 'အပ္ပံ'ဆိုတာ မြန်မာလိုပြောရင် နည်းနည်းလေးပေါ့၊

ဘာတဲ့လဲ?

နည်းနည်းလေးပါဘုရား၊

အနည်းငယ်သောပစ္စည်းဝတ္ထုကို နည်းနည်းလေးကို

သဒ္ဓါကြည်ဖြူ ပေးလှူပါ၊ စေတနာ ပြဋ္ဌာန်းပြီးတော့ပေးလှူပါ၊ ရက်ရက်ရောရော ပေးလှူလိုက်ပါ၊ ဝမ်းမြောက်ဝမ်းသာ ပေးလှူလိုက်ပါ၊ ပြတ်ပြတ်သားသား လှူလိုက်ပါ။

အဲဒီလို ပေးလှူလိုက်ရင် အနည်းငယ်မျှသော ပစ္စည်းဝတ္ထုကို ပေးလှူပေမယ်လို့ အဲဒီ အမျိုးကောင်းသား အမျိုးကောင်းသမီးသည် နတ်ရွာသုဂတိရောက်ခြင်း နတ်ပြည်မှာ ဖြစ်ရခြင်းဆိုတဲ့ အကျိုးတရားတွေကို ရရှိမှာပါ။

ကဲ- ဒီတရားကတော့ ဒါနအကျိုးတရားတွေပါ၊

ဒါကြောင့်မို့ ဦးဇင်းတို့တတွေ သူတော်စင်တို့တတွေ ဒါနကုသိုလ်ကိုလည်း ပြုပြီးတော့ပေးရမယ်။ ခုနက ငါးပါးသီလတွေဆောက်တည်ခဲ့ပါတယ်။ မိမိတို့ရဲ့သန္တာန်မှာ နေ့စဉ်နေ့စဉ် ငါးပါးသီလလုံခြုံအောင် ထိန်းပါ။ ဒါကြောင့်မို့ ဦးဇင်းတို့တတွေ သူတော်စင်တို့တတွေ ပရိတ်ရွတ်တဲ့အခါ

**ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ၊**

**ဘာဝနာ ဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ ဂတာ၊**

လို့ ရွတ်ကြပါတယ်။ နတ်တွေပြန်ပို့တဲ့အခါမှာ ဝတ်အသင်းတွေ ရွတ်ကြပါတယ်၊ ပရိတ်ထဲမှာ ရွတ်ပြတယ်၊ ဒါကြောင့်မို့

နံပါတ်တစ် ဒါနကုသိုလ်၊

ဘာကုသိုလ်တဲ့လဲ?

ဒါနကုသိုလ်ပါဘုရား။

## ပကာသန အလှူကြောင့် စီးပွားပျက်ရ

ဦးဇင်းတို့ ဒီနေရာမှာ အကြောင်းတိုက်ဆိုင်တုန်း ပြောရပါအုံးမယ်။ ဒကာတစ်ယောက်က မေးပါတယ်။ အရှင်ဘုရား တစ်ချို့ပုဂ္ဂိုလ်တွေမှာ အလှူ၊ လှူပြီးမှ စီးပွားရေး အဆင်မပြေတာတွေ ဖြစ်သွား ကြပါတယ်။

အဲဒါ ဘာကြောင့်ပါလဲတဲ့?

၁။ ပကာသန အလှူကြောင့်

၂။ ကိုယ်မှာရှိတာလေးနဲ့ တွက်ချက်မလှူတဲ့အတွက်ကြောင့်ပါလို့ ဖြေလိုက်ပါတယ်။

အထက်ပါအတိုင်း အဲဒီဒကာ လျှောက်ထားရခြင်းဟာ သူရဲ့ မျက်မြင်ကိုယ်တွေ့မို့ ဖြစ်ပါတယ်။ သူရဲ့ မိတ်ဆွေတွေ သားရှင်ပြု အလှူတော်မင်္ဂလာ ကျင်းပပြုလုပ်ကြပါတယ်။ တတ်နိုင်တဲ့ပုဂ္ဂိုလ်တွေ ပစ္စည်းရှိတဲ့ပုဂ္ဂိုလ်တွေကို အတုယူပြီးတော့ အားကျမခံ မဏ္ဍပ်ကြီးတွေနဲ့ ဟီးနေအောင် လှူပါတယ်။ ဆိုင်းတွေ ဝိုင်းတွေ ဘိသိက်တွေနဲ့ စည်းစည်းကားကား လှူပါတယ်။

ရှင်လောင်းလှည့်တဲ့အခါမှာလည်း ဒေဝါဝင်း ရာဇာဝင်းတွေနဲ့ ရှေ့ဝင်း,နောက်ဝင်းတွေနဲ့ လှည်းတွေ မြင်းတွေ ဆင်တွေနဲ့၊ ဆိုင်ကယ်တွေ ကားတွေနဲ့ အကျယ်ချဲ့ကာ စည်းစည်းကားကား လှည့်ပါတယ်။ ကျွေးတာ မွေးတာကလည်း ဘုန်းပေါလအောပါ။

ဒါကြောင့် ဆရာတော်တစ်ပါးက ဘုန်းပေါလအောကို ထင်သာမြင်သာအောင် ရှင်းရှင်းလင်းလင်း သိရအောင် အခုလို အနက်ပြန်ပြပါတယ်။

ဘုန်းပေါ-များလွန်းရင်၊ လအော-မကောင်း-ပါတဲ့။

နေရာတကာမှာ သုံးတဲ့စွဲတဲ့အခါမှာ လှူတဲ့တန်းတဲ့အခါမှာ များလွန်းရင် မကောင်းပါ။ ချို့လွန်းရင် မကောင်းပါ။ တော်ရုံတန်ရုံသာ ကောင်းပါတယ်။

ရှိတဲ့ပုဂ္ဂိုလ် တတ်နိုင်တဲ့ပုဂ္ဂိုလ်မှာ မထောင်းသာပေမယ့် မရှိတဲ့ပုဂ္ဂိုလ် ရှိစုမဲ့စုလေးနဲ့ မဖြစ်မနေ လှူရတဲ့ ပုဂ္ဂိုလ်မှာတော့

မလွယ်တော့ပါ။ နလန်မထူနိုင်တော့ပါ။

တစ်ချို့ပုဂ္ဂိုလ်များဟာ ရှင်ပြု အလှူတော်မင်္ဂလာ ကျင်းပပြုလုပ်ကြတဲ့အခါမှာ သူများတွေထံမှ အကြွေးယူကာ လှူကြပါတယ်။ ငွေမှာ ကူငွေက ဘယ်လောက်ပြန်ရမှာဆိုတဲ့ မျှော်လင့်ချက်နဲ့ လှူကြပါတယ်။

တကယ်တမ်း ရှင်ပြု အလှူတော်မင်္ဂလာပွဲကြီး ပြီးသွားတဲ့အခါ မှန်းချက်နဲ့ နှမ်းထွက် မကိုက်တော့ပါ။ တွက်ရေးချက်ရေးတွေ လွဲချော်သွားပါတော့တယ်။ လှူလိုက်တဲ့အတွက် အကြွေးတွေ တင်သွားပါတော့တယ်။ အလှူပေးပြီး နောင် နှစ်ပေါင်းများစွာအထိ အကြွေးတွေနဲ့သာ နစ်နေပါတော့တယ်။ တစ်ချို့ဆို လင်နဲ့မယား တကျက်ကျက် ရန်ဖြစ်နေကြပါတယ်။ ပူညံပူညံ ဖြစ်နေကြပါတယ်။ အလုပ်အကိုင်တွေပါ စီးပွားရေးပါ ပျက်သလို ဖြစ်သွားကြပါတယ်။

အဲသလို ဖြစ်ရခြင်းဟာ ပကာသနတွေ ဖက်လို့ပါ၊ အကျဉ်းမချုံးပဲ အကျယ်ချဲ့ကြလို့ပါ။ သူတော်စင်တို့ဟာ လှူတဲ့တန်းတဲ့အခါမှာ ကိုယ့်မှာ ရှိတာလေးနဲ့ ချင့်ချိန်ပြီးတော့ တွက်ချက်လှူပါ၊ တန်းပါ။

ကိုယ့်မှာရှိတာထက် ပိုပြီးတော့ မလှူပါနဲ့၊ ချေးငှားပြီးတော့ မလှူပါနဲ့၊ အကြွေးယူပြီးတော့ မလှူပါနဲ့။ ကိုယ်နိုင်သလောက်လေးသာ လှူတန်းပါ။ လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ်

လှူဒါန်းပါ။ ပြတ်ပြတ်သားသား လှူဒါန်းပါ။ ပျော်ပျော် ရွှင်ရွှင် လှူဒါန်းပါ။ ကြည်ကြည်လင်လင် လှူဒါန်းပါ၊ ဝမ်းမြောက် ဝမ်းသာ လှူဒါန်းပါ။

ကိုယ့်မှာ ရှိတာလေးနဲ့ ပျော်ပျော်ရွှင်ရွှင် ကြည်ကြည် လင်လင် ဝမ်းမြောက်ဝမ်းသာ လှူဒါန်းလိုက်ရတော့ လှူရကျိုး နပ်ပါတယ်၊ ကုန်ရကျိုးနပ်ပါတယ်။

ကြံတစ်ချောင်းသာ လှူခဲ့ဘူးတဲ့ နတ်သမီး၊ သစ်သီး တစ်လုံးသာ လှူခဲ့ဘူးတဲ့ နတ်သမီးများ၊ ပန်းတစ်ပွင့်ကိုသာ လှူခဲ့ဘူးတဲ့ မထေရ်မြတ်တွေကိုသာ ကြည့်ပါ။ ညောင်စေ့ လောက် လှူပေမယ့် ညောင်ပင်ကြီးလောက်မက အကျိုးတရား ကြီးမားကြပါတယ်။ ဒါ့ကြောင့်မို့ မြတ်စွာဘုရားက

ဒွေ့ဇွာ အပ္ပမ္ပိ-အနည်းငယ်မျှသော ပစ္စည်းဝတ္ထုကိုလည်း စေတနာဖွေးဖြူ ပေးလှူပါ၊ သဒ္ဓါပြဋ္ဌာန်း လှူဒါန်းပါ၊ ဝမ်းမြောက်ဝမ်းသာ ရွှင်ရွှင်လန်းလန်း လှူဒါန်းပါ-လို့ မိန့်တော် မူထားပါတယ်။

မိမိရဲ့စိတ်ကို မွန်မွန်မြတ်မြတ်ထားပြီးတော့ မိမိမှာ ရှိတာလေးနဲ့ လှူလိုက်ရင် မိမိရဲ့စိတ်ကို ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင်ထားပြီးတော့ ဝမ်းမြောက်ဝမ်းသာ မိမိ လှူနိုင်သလောက်လေးနဲ့ လှူလိုက်ရင် မိမိလှူတဲ့ ပစ္စည်းဝတ္ထုက ညံ့နေပေမဲ့ မကောင်းပေမဲ့ နည်းနေပေမဲ့ မွန်မြတ်တဲ့ အလှူဖြစ်

ပါတယ်။ ကောင်းမွန်တဲ့ အလှူဖြစ်ပါတယ်၊ အထက်တန်းကျ မျက်နှာပန်းလှတဲ့ အလှူဖြစ်ပါတယ်။

ဒါ့ကြောင့် မြတ်စွာဘုရားက အနာထပိဏ်သူဌေးကြီးကို ယခုလို မိန့်တော်မူပါတယ်။

**စိတ္တသ္မိံ ဟိ ပဏီတေ ဗုဒ္ဓါဒီနံ၊ ဒိန္နဒါနံ လူခံနာမ နတ္ထိ၊**

(ဓမ္မပဒဋ္ဌ-၂-၈)

ဂဟပတိ-အနာထပိဏ်ကျောင်းဒကာ၊ **ဟိသစ္စံ**-မှန်ပါပေ၏၊ **စိတ္တသ္မိံ**-မိမိရဲ့စိတ်သည်၊ **ပဏီတေ**-မွန်မွန်မြတ်မြတ် ဖြစ်လတ်သော်၊ **ဗုဒ္ဓါဒီနံ**-ဘုရားစသား သံဃာတော်များအား၊ **ဒိန္နဒါနံ**-ပေးလှူတဲ့အလှူသည်၊ **လူခံနာမ**-ခေါင်းပါးတယ်ဆိုတာ ညံ့တယ်ဆိုတာ မကောင်းဘူးဆိုတာ နည်းတယ်ဆိုတာ၊ **နတ္ထိ**-မရှိပါ။

**ဣတိ**-ဤသို့၊ **ဘဂဝါ**-မြတ်စွာဘုရားသည်၊ **အနာထပိဏ္ဍိကံ** ဂဟပတိံ-အနာထပိဏ်ကျောင်းဒကာကို၊ **အဝေါစ**-ကောင်းစွာမသွေ မိန့်ကြားတော်မူခဲ့ပါပေသတည်း။

သာဓု-သာဓု-သာဓု။

ပြီးခဲ့တဲ့တန်ဆောင်မုန်းလက ဦးဇင်းတို့ မန္တလေး၊ အောင်မြေသာစံမြို့ နယ်ကပဲ၊ ဦးထွန်းမောင်ဝင်း+ဒေါ်မြသောင်း

"သောင်းထွန်းနှင့်ညီများ ကားပစ္စည်းရောင်းဝယ်ရေး" မိသားစုတို့က စစ်ကိုင်းတောင်ရိုး ဝိဇ္ဇာဒပ္ပဏကျောင်းမှာ ကထိန် ခင်းပါတယ်။

အဲဒီကထိန်မှာ သက်တော်ရှည် ဆရာတော်များဖြစ်တဲ့ ချမ်းအေးဆရာတော်၊ ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်၊ မဟာသုဗောဓာရုံဆရာတော်စတဲ့ ဆရာတော်များ ကြွရောက် ချီးမြှောက်တော်မူကြပါတယ်။ ဦးဇင်းလည်း အဲဒီပွဲမှာ ကြွရ ပါတယ်။

ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီးက ကထိန် ရေစက်ချတရား ချီးမြှင့်တော်မူပါတယ်။ ဝါဆိုဆရာတော်ကြီးက အဟောလည်းကောင်းပါတယ်၊ အပြောလည်းကောင်းပါတယ်၊ အာဝဇ္ဇန်းလည်းကောင်းပါတယ်။

ကထိန်ဒါယကာ ကထိန်ဒါယိကာမများနှင့် တကွ တရားနာပရိတ်သတ်အပေါင်းတို့က ဝါဆိုဆရာတော်ကြီးရဲ့ တရားကို သဘောကျစွာ နှစ်ခြိုက်စွာ နာယူကြပါတယ်။

ဆရာတော်ကြီးရဲ့ မျက်နှာတော်ကို ဖူးမျှော် မော့ကြည့်ပါ။ ဆရာတော်ကြီးဟောတဲ့တရားထည်းမှာ အခုပြောပြမဲ့ အကြောင်း အရာလေးလည်း ပါပါတယ်။ မှတ်သားဖွယ်ပါ။

ရှေးက တရားဟောကောင်းတဲ့ ဆရာတော်တစ်ပါး ရှိပါတယ်။ သူက ဒါနခဏ်းဟောတဲ့အခါ လာသမျှ ပရိသတ်

တွေကို လှူချင်တန်းချင်လာအောင် ဟောနိုင်ပါတယ်၊ ပြောနိုင်ပါတယ်။ အဟောလည်းကောင်းပါတယ်၊ အပြောလည်း ကောင်းပါတယ်၊ အသံလည်းကောင်းပါတယ်။

ဒါနခဏ်း ဟောပြီးတဲ့အခါ ခွက်ထိုးပြီး အလှူခံနိုင်းပါတယ်။ တရားနာပရိသတ်ကလည်း လှူကြပါတယ်။ လက်စွပ်တွေ နားဆွဲတွေစတဲ့ စိန်,ရွှေစတဲ့ ရတနာပစ္စည်းများကိုတောင် ချွတ်လှူကြပါတယ်။

အဲဒီဆရာတော်က တရားပွဲပြီးတဲ့အခါ "ဓိတ် မေ-အောင်ပြီ၊ ဓိတ် မေ-အောင်ပြီ၊ ဓိတ် မေ-အောင်ပြီ"လို့ တိုင်ပေးဆိုပေးကာ ပရိသတ်ကို ဆိုနိုင်းပါတယ်။ တရားနာပရိသတ်ကလည်း အားရပါးရ လိုက်ဆိုကြပါတယ်။

ဘုရားလောင်း သူတော်ကောင်းကြီးများဟာ မိမိစွန့်လွှတ်နိုင်ခဲတဲ့ ပစ္စည်းဝတ္ထုကို စွန့်လွှတ်လိုက်တဲ့အခါမှာ "ဓိတ် မေ ဓိတ် မေ"လို့ သုံးကြိမ်သုံးခါ ဥဒါန်းကျူးကြပါတယ်။ ဝမ်းမြောက်ဝမ်းသာ ရွတ်ဆိုကြပါတယ်။

မေ-ငါ့အား၊ ဓိတ်-အောင်ပြီ၊ ငါအောင်ပြီ-လို့ အဓိပ္ပါယ်ရပါတယ်။

အခုလည်း လှူပြီးတန်းပြီးတဲ့အခါ 'ဓိတ် မေ- အောင်ပြီ'လို့ သုံးကြိမ်သုံးခါ အားရဝမ်းသာ ဆိုကြပါတယ်။

အဲဒီအခါမှာ လူမျိုးခြားတွေက "ရှိတာတွေ ပြောင်ပြီ၊

ရှိတာတွေ ပြောင်ပြီ၊ ရှိတာတွေ ပြောင်ပြီ''လို့ ပြောဆို ကြပါသတဲ့။

ဒါကြောင့် ဦးဇင်းတို့ပရိသတ်တွေ မြန်မာအမျိုးသား အမျိုးသမီးတွေ 'ရှိတာတွေ ပြောင်ပြီ၊ ရှိတာတွေ ပြောင်ပြီ'လို့ မဖြစ်ရအောင် ပဏ္ဏာသနမဖက်ပဲ လှူကြပါ။ ရိုးရိုးလေးသာ လှူကြပါ၊ အေးအေးချမ်းချမ်းလေးသာ လှူကြပါ၊ ကိုယ်နိုင်သလောက်လေးသာ လှူကြပါ၊ ကိုယ်စွမ်းအားရှိသလောက်လေးသာ လှူကြပါ။ လှူတဲ့အတွက် မွဲမသွားပါစေနဲ့လို့ ဆရာတော်သံဃာတော်များက ပြောပြရမှာပါ၊ သတိပေးရမှာပါ၊ ဆုံးမရမှာပါ။

နောက်-နံပါတ်နှစ် သီလကုသိုလ်၊

ဘာကုသိုလ်တဲ့လဲ?

သီလကုသိုလ်ပါဘုရား၊

နောက်- နံပါတ်သုံး ဘာဝနာကုသိုလ်တဲ့။

ဘာကုသိုလ်တဲ့လဲ?

ဘာဝနာကုသိုလ်ပါဘုရား၊

ကဲ- ဦးဇင်းတို့တွေ သူတော်စင်တို့တွေ ရခဲလှသော လူ့ဘဝ ရလာတဲ့အခါ ဒါနကုသိုလ်၊ သီလကုသိုလ်လေးနဲ့ အားရပြီးတော့ မနေဘဲနဲ့ တင်းတိမ်ကျေနပ်ပြီးတော့ မနေပဲနဲ့၊ ဘာဝနာကုသိုလ်လည်း ကြိုးစားအားထုတ်ပြီးတော့ပေးပါ။ မိမိတို့ နေ့စဉ်နေ့စဉ်ပေါ့။ ပြုလုပ်ပြီးတော့ပေးပါ။

ယနေ့ ကြွရောက်လာကြတဲ့ ပရိတ်သတ်တွေ ဘုရားရှေ့မှာထိုင်။ သို့မဟုတ် ဆိတ်ငြိမ်ရာမှာထိုင်ပြီးတော့ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းရပါမယ်။

မိမိရဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားအပေါ် မမြဲပုံတွေ ဆင်းရဲပုံတွေ အစိုးမရပုံတွေ မြင်အောင် အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတွေကို မြင်အောင် အဲဒီလို ဝိပဿနာဘာဝနာတွေ ပွားများရပါမယ်။

ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်၊ မေတ္တာပွားခြင်းစတဲ့ ဘာဝနာကမ္မဋ္ဌာန်းတွေကိုလည်း စီးဖြန်းပွားများ အားထုတ်ရပါမယ်။ ဒါကြောင့်မို့-

**ပုညာနိ ပရလောကသ္မိံ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနံ၊**

**သာဓဝေါ**-တရားချစ်ခင် စိတ်ကောင်းဝင်ကြသည့် သူတော်စင်ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ **ပုညာနိ**-ဒါန သီလ ဘာဝနာကောင်းမှု အစုစုတို့သည်၊ **ပါဏိနံ**-လုံးစုံများစွာ သတ္တဝါတို့ရဲ့၊ **ပရလောကသ္မိံ**-နောင်တမလွန်ဘဝဆက်တိုင်း ဆက်တိုင်းမှာ၊ သံသရာထဲမှာ၊ **ပတိဋ္ဌာ**-မှီရာတည်ရာ အားကိုး ရာတို့သည်၊ **ဟောန္တိ**-မုချမသွေ ဖြစ်ကြလေကုန်သတည်း။

သာဓု- သာဓု- သာဓု။

ဦးဇင်းတို့တတွေ သူတော်စင်တို့တတွေ မိမိတို့ကိုယ်တိုင် ဒါနကုသိုလ်ကို ပြုကြပါတယ်။ သီလကုသိုလ်ကို စောင့်ထိမ်းကြပါတယ်။ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းကြပါတယ်။

အဲသလို မိမိတို့ကိုယ်တိုင် ပြုထားကြတဲ့ ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ်တွေဟာ နိဗ္ဗာန်မရမချင်း ရှည်လျားလှစွာသော သံသရာထည်းမှာ ကျင်လည်ကြရတဲ့အခါမှာ မိမိတို့အတွက် အားကိုးရာအစ်အမှန် ဖြစ်ကြပါတယ်။ အားထားရာ အစစ်အမှန် ဖြစ်ကြပါတယ်။ တည်ရာမှီရာ အစ်အမှန် ဖြစ်ကြပါတယ်။

ဒါကြောင့်မို့ ကျေးဇူးတော်ရှင် မုံရွာ ပဌာနတာရုံ ဆရာတော်ဘုရားကြီးရဲ့လင်္ကာကို ဆိုကြရအောင်?

**ဒါန သီလ တစ်ဝ ဘာဝနာ၊**
**သတ္တဝါများ အားထားမှီရာ**
**ရှင်တော်ဗုဒ္ဓ ဟောပြမှန်စွာ၊**
**နေ့စဉ်ပြုကောင်းမှု မင်္ဂလာ။**

ဒါကြောင့်မို့ ယနေ့ကြွရောက်လာကြတဲ့ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့တတွေ၊ တရားပွဲ ကုသိုလ်ရှင်ဖြစ်ကြတဲ့ ဦးမြင့်ဆွေ+ဒေါ်စန်းစန်းဦးတို့ မိသားစုတတွေ။ တရားပွဲ ပဌာန်းရွတ်ဖတ်ပူဇော်ပွဲတွေကို ဦးဆောင်ကျင်းပတဲ့

လူငယ်,လူရွယ်တွေအားလုံး ဦးဇင်းတို့တတွေ သူတော်စင်တို့တတွေ အားလုံးပေါ့။ မိမိတို့ရဲ့ သန္တာန်မှာ ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ်ဆိုတဲ့ ကုသိုလ်သုံးမျိုး နေ့စဉ်နေ့စဉ်ပြုနေပြီဆိုရင် နောက်ဆုံး နိဗ္ဗာန်ချမ်းသာအထိ ရရှိမှာပါ။

ဒါကြောင့်မို့ **ဒေသနာဝသာနေ**-တရားဒေသနာတော်၏ အဆုံးမှာ၊ ဗဟူ-များစွာသောပုဂ္ဂိုလ်တို့သည်၊ **သောတာပတ္တိဖလာဒီနိ**-သောတာပတ္တိဖိုလ်စသည်တို့သို့၊ **ပါပုဏိံသု**-ကောင်းစွာမသွေ ဆိုက်ရောက်ရလေကုန်တော့သတည်း။

သာဓု- သာဓု- သာဓု။

## ဓားပြဒါးရာဇာတို့ရဲ့လက်ချက်ဖြင့် အရှင်မဟာမောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံရခြင်း

---

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ်အချိန်က ဖြစ်ပါတယ်၊ လူတွေက မြတ်စွာဘုရားအား ကိုးကွယ်ကြပါတယ်၊ ဆည်းကပ်ကြပါတယ်။ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းကြပါတယ်၊ ပူဇော်ကြပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားနှင့်တကွ တပည့်သံဃာတော်များအား လာဘ်ပူဇော်သက္ကာရ များပြားပါတယ်။

တိတ္ထိတို့အား လာဘ်ပူဇော်သက္ကာရတို့ ဆုတ်ယုတ်နေပါတယ်။ လှူဒါန်းပေးကမ်းမည့်သူများ အလွန်နည်းပါးနေပါတယ်။

တစ်နေ့သော အချိန်မှာ တိတ္ထိတို့ဟာ အစည်းအဝေး ပြုလုပ်ကြပါတယ်၊ တိုင်ပင်ဆွေးနွေးကြပါတယ်။ သူတို့ရဲ့ ဆွေးနွေးချက်ခေါင်းစဉ်က ငါလူတို့ ရဟန်းဂေါတမအား အဘယ်ကြောင့် လာဘ်လာဘ ပေါများရပါသလဲဆိုတဲ့ ခေါင်းစဉ် ဖြစ်ပါတယ်။

အချို့သော တိတ္ထိများက ''သူတို့မသိတဲ့အကြောင်း သင်တို့ကော သိကြပါသလား''လို့ ပြန်လည်ပြောပြကြပါတယ်။

အဆိုတင်သွင်းတဲ့ တိတ္ထိများက ''အေး တို့ သိကြပါတယ်'' အရှင်ဂေါတမအား လာဘ်လာဘကြီးမားရခြင်းဟာ မဟာမောဂ္ဂလ္လာန်ကို အမှီပြုပြီးတော့ ဖြစ်တာပါ။

မှန်ပါတယ်။ မဟာမောဂ္ဂလ္လာန်ဟာ နတ်ပြည်အသီးသီးသို့ ကြွပါတယ်။ နတ်သား နတ်သမီးတို့အား လူ့ဘဝက သူတို့ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုများကို မေးပါတယ်။ နတ်ပြည်မှ ပြန်လာပြီးတော့ လူတို့အား အခုလို ပြောပြပါတယ်။

အမျိုးကောင်းသား အမျိုးကောင်းသမီးတို့က ဤအမည် ဤအမည်ရှိတဲ့ နတ်သား နတ်သမီးဟာ ဤမည် ဤမည်သော ကုသိုလ်ကောင်းမှုကို ပြုခဲ့တဲ့အတွက်ကြောင့် နတ်ပြည်သို့ ရောက်ရပါတယ်။ ကြီးကျယ်တဲ့ ခမ်းနားတဲ့ လှပဆန်းပြားတဲ့ ဘုံဗိမာန်ကြီးကို ရရပါတယ်၊ ခံစားရပါတယ်လို့ ပြောပြပါတယ်။

မဟာမောဂ္ဂလ္လာန်ဟာ နတ်ပြည် အသီးသီးသို့သာမက

ငရဲသို့လည်း ကြွသွားပါတယ်။ ငရဲသားများအား လူဖြစ်စဉ်က ပြုခဲ့တဲ့ မကောင်းမှု၊ လုပ်ခဲ့တဲ့ အကုသိုလ်၊ ကြမ်းရမ်းခဲ့တဲ့ ဒုစရိုက်တို့ကို မေးပါတယ်။ ငရဲပြည်မှ ပြန်လာပြီးတော့ လူတို့အား အခုလို ပြောပြပါတယ်။

"အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ ! ထိုမည် ထိုမည်သော ငရဲသားဟာ ဤသို့သော မကောင်းမှု အကုသိုလ် ဒုစရိုက်ကို ပြုခဲ့တဲ့အတွက်ကြောင့် ချမ်းသာတစ်စက်ကလေးမှ မရှိတဲ့ ငရဲမှာ ဖြစ်ရပါတယ်-လို့ ပြောပြပါတယ်။

လူအများတို့ဟာ မဟာမောဂ္ဂလ္လာန်ရဲ့စကားကို ကြားရတဲ့အခါ များစွာသောလာဘ်, များစွာသော လှူဒါန်းဖွယ်, များစွာသော ပူဇော်ဖွယ်တို့ဖြင့် လှူဒါန်းကြပါတယ်၊ ပူဇော်ကြပါတယ်။

ရဟန်းဂေါတမအား လာဘ်လာဘ ပေါများနေခြင်းဟာ မဟာမောဂ္ဂလ္လာန်ကြောင့် ဖြစ်ပါတယ်။ မဟာမောဂ္ဂလ္လာန်ကို ရှင်းပစ်မှ ဖြစ်ပါမယ်။ မဟာမောဂ္ဂလ္လာန် မရှိတော့ရင် လာဘ်လာဘများ တို့,တိတ္ထိများထံ အလိုလို ရောက်လာမှာပါ-လို့ ဆွေးနွေးကြပါတယ်။

တိတ္ထိတို့ဟာ အရှင်မဟာမောဂ္ဂလ္လာန်ကို သတ်ဖို့ သဘောတူကြပါတယ်။ မိမိတို့ရဲ့ အလုပ်အကျွေးဒကာကို စည်းရုံးကြပါတယ်၊ အလှူငွေ ကောက်ခံကြပါတယ်၊ အသပြာတစ်ထောင် ရပါတယ်။ လုယက်သတ်ဖြတ်ကာ ခိုးမှုများ

လွှန်ကျူးနေကြတဲ့ ဓားပြတွေကို ခေါ်ကြပါတယ်။

ဓားပြတို့ ! မဟာမောဂ္ဂလ္လာန်ထေရ်ဟာ ကျောက်ညှိဖြင့် အတိပြီးတဲ့ လိုဏ်ဂူသို့ သွားပါတယ်။ မဟာမောဂ္ဂလ္လာန်ကို သတ်ကြပါ-လို့ ဓားပြများအား အသပြာတစ်ထောင်ပေးကာ စေခိုင်းကြပါတယ်။

ဓားပြများက အသပြာတစ်ထောင်ရတဲ့အခါ သဘောတူ လက်ခံကြပါတယ်။ အရှင်မဟာမောဂ္ဂလ္လာန်ကိုသတ်ဖို့ သွားကြပါ တယ်။ အရှင်မဟာမောဂ္ဂလ္လာန်နေတဲ့ နေရာကို ဝိုင်းထားကြပါ တယ်။

အရှင်မဟာမောဂ္ဂလ္လာန်ထေရ်က ဓားပြများ ဝိုင်းထားတာ ကို သိတော်မူပါတယ်။ ဒါကြောင့် တန်ခိုးတော်နဲ့ သံကောက် ပေါက်ကထွက်ကာ တိမ်းရှောင်နေပါတယ်။ အဲဒီနေရာမှာ ဓားပြများက အရှင်မဟာမောဂ္ဂလ္လာန်ကို မတွေ့ရလို့ ပြန်သွား ကြပါတယ်။

နောက်တစ်နေ့မှာ တစ်ဖန် သွားရောက်ကြပါတယ်။ အရှင်မဟာမောဂ္ဂလ္လာန် သီတင်းသုံးတဲ့ လိုဏ်ဂူကို ဝိုင်းထား ကြပြန်ပါတယ်။ မထေရ်က အကျိုးအကြောင်းသိလို့ အထွဋ်ဝင်းမှ ဖေါက်ထွက်ကာ ကောင်းကင်သို့ ပျံတက်သွားပါတယ်။

အဲသလိုနဲ့ ဓားပြများက လာဝိုင်းလိုက်၊ အရှင်မဟာ မောဂ္ဂလ္လာန်က တန်ခိုးတော်နဲ့ ရှောင်တိမ်းနေလိုက်နဲ့ ဓားပြများ

ဟာ အရှင်မဟာမောဂ္ဂလ္လာန်ကို မဖမ်းနိုင်ကြသေးပါ၊ မသတ်နိုင်ကြသေးပါ နှစ်လအထိ ကြာသွားပါတယ်။

သုံးလမြောက်ရောက်တဲ့အခါ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ဟာ မိမိကိုယ်တိုင်ပြုခဲ့တဲ့ အကုသိုလ်ကံရဲ့ အကျိုးပေးမည့်အကြောင်းကိုသိလို့ မရှောင်တော့ပါ၊ မတိမ်းတော့ပါ။ ဘယ်မှ ထွက်မပြေးတော့ပါ။ ဓားပြများက လာရောက်ကါ မထေရ်ကို ဖမ်းယူကြပါတယ်၊ ရိုက်နှက်ထောင်းထုကြပါတယ်။

အရှင်မဟာမောဂ္ဂလ္လာန်ရဲ့ အရိုးတွေဟာ ဆန်ကျိုးဆန်ကွဲလောက်သာ ရှိကြပါတော့တယ်။ အဲသလိုဖြစ်အောင် ရိုက်ကြ နှက်ကြ ထောင်းကြ ထုကြပါတယ်။ ဓားပြများဟာ အရှင်မဟာမောဂ္ဂလ္လာန်ကို "သေပြီ"ထင်လို့ ချုံပေါ်မှာ တင်ထားခဲ့ကြပါတော့တယ်။

အရှင်မဟာမောဂ္ဂလ္လာန်ထေရ်ဟာ"မြတ်စွာဘုရားကို ဖူးမြင်ပြီးမှသာ ပရိနိဗ္ဗာန်စံမယ်"လို့ ကြံစည်မိပါတယ်။ ဓားပြတွေ မွမွကျေအောင် ရိုက်နှက် ထောင်းထုထားတဲ့ ခန္ဓာကိုယ်ကို ပတ်တီးနဲ့စည်းသလို ဈာန်နဲ့ ရစ်ပတ်ပါတယ်၊ စည်းပါတယ်။ ခိုင်ခိုင်ခန့်ခန့်စည်းပြီးတော့ ကောင်းကင်ခရီးဖြင့် ဈာန်ဟုန်စီးကာ မြတ်စွာဘုရားအထံသို့ သွားပါတယ်။ မြတ်စွာဘုရားကို ရှိခိုး ဦးချပြီးတော့-

"မြတ်စွာဘုရား! တပည့်တော် ပရိနိဗ္ဗာန်စံပါတော့မယ်

ဘုရား''လို့လျှောက်ထားပါတယ်၊

မြတ်စွာဘုရား - မောဂ္ဂလ္လာန် ပရိနိဗ္ဗာန် စံတော့မှာလား?

မထေရ် - မှန်ပါ အရှင်ဘုရား၊

မြတ်စွာဘုရား - ဘယ်အရပ် ပရိနိဗ္ဗာန်စံမှာလဲ?

မထေရ် - ကျောက်ညိုအဆင်းရှိတဲ့ လှိုဏ်ဂူမှာပါ အရှင်ဘုရား၊

မြတ်စွာဘုရား - မောဂ္ဂလ္လာန်ဒီလိုဆိုရင်ငါဘုရားအား တရား ဟောသွားပါအုံး။ ငါဘုရားအား သင်ကဲ့သို့သော တပည့်ကို နောင်အခါမှာ မမြင်ရနိုင်တော့ပါ။

မထေရ် - မြတ်စွာဘုရား အမိန့်အတိုင်း ပြုပါမယ် အရှင်ဘုရား။

လို့လျှောက်ထားပြီး မြတ်စွာဘုရားကို ရှိခိုးပါတယ်။ ကောင်းကင်သို့ပျံတက်ကာ အရှင်သာရိပုတ္တရာမထေရ်ဝင်စံတဲ့ နေရာကလို အမျိုးမျိုးသော တန်ခိုးတို့ကို ပြပါတယ်။ တရားကို ဟောကြားပါတယ်။ မြတ်စွာဘုရားကို ရှိခိုးပြီး ကျောက်ညိုအဆင်းရှိတဲ့ လှိုဏ်ဂူသို့ကြွရောက်ကာ ပရိနိဗ္ဗာန် ဝင်စံတော်မူပါတယ်။

''အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ကို ဓားပြများ သတ်သတဲ့''ဆိုတဲ့ သတင်းဟာ ဇမ္ဗူဒိပ်တစ်ခွင်လုံးမှာ ပျံ့နှံ့

နေပါတယ်။ အဇာတသတ်မင်းက ဓားပြများကို ရှာဖွေဘို့ စုံထောက်တွေကို လွှတ်ထားပါတယ်။

ဓားပြများဟာ အရက်ဆိုင်မှာ အရက်ဆိုင်သောက်နေကြတဲ့အခါ ဓားပြတစ်ယောက်က ဓားပြတစ်ယောက်ရဲ့ ကျောကို ပုတ်ပါတယ်။ အရက်နဲ့ လောင်းချပါတယ်။ တစ်ယောက်တစ်ခွန်း စကားများကြပါတယ်။

သူယုတ်မာ မင်း ဘာကြောင့် ငါ့ရဲ့ပခုံးပေါ်မှာ အရက်နဲ့ လောင်းချရတာလဲလို့ ပြောဆိုကာ ကြိမ်းမောင်း ဆဲဆိုပါတယ်။

ဓားပြယုတ် မင်း မဟာမောဂ္ဂလ္လာန်ထေရ်ကို ပထမဆုံး ရိုက်တဲ့ကောင်ပဲ။ မင်း ငါရိုက်တာ မသိဘူးလား။ မမြင်ဘူးလား ငါရိုက်တယ်၊ ငါရိုက်တယ်လို့ မူးမူးရူးရူး ပြောဆိုသောင်းကြမ်းနေပါတယ်။

ဓားပြတို့ရဲ့ တစ်ယောက်တစ်မျိုး ပြောဆိုနေကြတဲ့ အသံကို ကြားသိရလို့ စုံထောက်တွေက ဓားပြအားလုံးကို ဖမ်းသွားကြပါတယ်။ အဇာတသတ်မင်းအား အကျိုးအကြောင်း တင်ပြကြပါတယ်။ အဇာတသတ်မင်းက ဓါးပြငါးရာတို့ကို ခေါ်ပြီးတော့ "သင်တို့ အရှင်မဟာမောဂ္ဂလ္လာန်ကို သတ်ကြပါသလား" လို့ မေးပါတယ်။

**ဓားပြများ-** မှန်လှပါ အရှင်မင်းမြတ်၊ သတ်ကြပါတယ်၊

**မင်း-** ဘယ်သူတွေက ခိုင်းလို့ သတ်ကြတာပါလဲ?

မားပြများ- အဝတ်မဝတ်တဲ့ တိတ္ထိတွေက ခိုင်းလို့ပါ
အရှင်မင်းမြတ်။

အဲဒီအခါမှာ အဇာတသတ်မင်းက အဝတ်မဝတ်တဲ့ တိတ္ထိငါးရာတို့ကို ဖမ်းခိုင်းပါတယ်။ ဓားပြငါးရာတို့နှင့်အတူ တိတ္ထိငါးရာတို့ကို မင်းရင်ပြင်မှာ ချက်ထိအောင် တွင်းတူး မြေမြှုပ်ပါတယ်။ ကောက်ရိုးတို့ဖြင့် ဖုံးအုပ်ကာ မီးရှို့သတ်ခိုင်းပါတယ်။ မီးလောင်ပြီးတဲ့အခါ သံထွန်သွားတို့နဲ့ ထွန်ခိုင်းပါတယ်။ တိတ္ထိတွေ ဓားပြတွေအားလုံးတို့ကို အပိုင်းအပိုင်း အပြတ်အပြတ် ဖြစ်အောင် ထွန်ခိုင်းပါတယ်။

ရဟန်းတော်များဟာ စည်းဝေးညီမူရာဖြစ်တဲ့ ဓမ္မသဘင်ခန်းမမှာ စုဝေးမိကြတဲ့အခါ အခုလို ပြောဆိုနေကြပါတယ်။ ''အရှင်မဟာမောဂ္ဂလ္လာန်ထေရ်ဟာ မိမိအား မလျော်က်ပတ်တဲ့ အသေဆိုးနဲ့ သေခြင်းသို့ ရောက်ရပါတယ်''လို ပြောဆို နေကြပါတယ်။

ဒီနေရာမှာ သေခြင်းလေးမျိုးကိုလည်း ပြောပြပါအုံးမယ်၊

၁။ **အာယုက္ခယ**- အသက်တမ်း ကုန်လို့ သေရခြင်း၊

၂။ **ကမ္မက္ခယ**- နေရမဲ့ ကံကုန်လို့ သေရခြင်း၊

၃။ **ဥဘယက္ခယ**- အသက်တမ်း၊ကံစွမ်း နှစ်မျိုးစလုံးကုန်ခမ်းလို့ သေရခြင်း၊

၄။ ဥပစ္ဆေဒကမရဏ- သူတပါး လက်ချက်နဲ့ သေရခြင်းတို့ ဖြစ်ပါတယ်၊

ဦးဇင်းတို့ရော ပရိသတ်တွေရော အားလုံးသော ပုဂ္ဂိုလ်တွေဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီသေခြင်းလေးမျိုးထဲက တစ်မျိုးနဲ့ သေကြရမှာ ဖြစ်ပါတယ်။

မြတ်စွာဘုရား ကြွတော်မူလာတဲ့အခါ "ရဟန်းတို့ သင်တို့ဟာ ဘာစကားတွေကို ပြောဆိုကာ စုဝေးထိုင်နေကြတာလဲ"လို့ မေးတော်မူပါတယ်။ ရဟန်းတော်များက မြတ်စွာဘုရားအား အကျိုးအကြောင်း ပြန်လျှောက်ထားကြပါတယ်။ မြတ်စွာဘုရားက ရဟန်းတော်များအား အခုလို မိန့်တော်မူပါတယ်၊

ရဟန်းတို့ ! မောဂ္ဂလ္လာန်ဟာ ယခုဘဝ ဒီခန္ဓာကိုယ်အတ္တဘောနဲ့သာ မဖြစ်သင့်တဲ့ မလျှောက်ပတ်တဲ့ သေခြင်းမျိုးနဲ့ သေရပါတယ်။ ဒါပေမဲ့ ရှေးဘဝက သူပြုခဲ့တဲ့ မကောင်းမှုအကုသိုလ်ကံအား လျှောက်ပတ်တဲ့ သေခြင်းသို့သာ ရောက်ရပါတယ်-လို့ မိန့်တော်မူပါတယ်။

ရဟန်းတော်များက မြတ်စွာဘုရားအား အရှင်မဟာမောဂ္ဂလ္လာန်ရဲ့ ရှေးဘဝက ပြုခဲ့တဲ့ မကောင်းမှုအကုသိုလ်ကံကို မေးလျှောက်ကြပါတယ်။ မြတ်စွာဘုရားက ရဟန်းတော်များအား အခုလို မိန့်တော်မူပါတယ်၊

လွန်လေပြီးသော အတိတ်ဘဝတစ်ခုမှာ အမျိုးကောင်းသားတစ်ယောက်ဟာ ဗာရာဏသီပြည်မှာ နေပါတယ်။ အမျိုးကောင်းအား မျက်မမြင် မိဘနှစ်ပါးရှိကြပါတယ်။ အမျိုးကောင်းသားဟာ ကိုယ်တိုင်စီးပွါးရှာပြီးတော့ မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးပါတယ်။။ အမျိုးကောင်းသားဟာ စီးပွါးရှာတော့လည်း သူသာဖြစ်ပါတယ်။ ချက်ရေးပြုတ်ရေး လျှော်ရေး ဖွတ်ရေးစတဲ့ အိမ်မှုကိစ္စ အဝဝတို့ကိုလည်း သူတစ်ယောက်ထဲသာ ပြုလုပ်ပါတယ်။

မိဘတို့က သူတို့သာအား အခုလို ပြောပြကြပါတယ်၊ ''ချစ်သား ! သားဟာ အိမ်အလုပ်ရော တောအလုပ်ရော သားတစ်ယောက်ထဲသာ လုပ်ရပါတယ်။ သားမှာ ပင်ပန်းလွန်းပါတယ်။ သားအတွက် မိန်းကလေးတစ်ယောက်နဲ့ မင်္ဂလာဆောင်ပေးပါမယ်''လို့ ပြောပြ နားချကြပါတယ်။

သားကလည်း အမေတို့ အဖေတို့ ကျွန်တော် မိန်းမမလိုချင်ပါ၊ ကျွန်တော် အမေ အဖေတို့ အသက်ရှည်သမျှကာလပတ်လုံး ကိုယ်တိုင်သာ ပြုစုလုပ်ကျွေးပါမယ်-လို့ ပြောပြပါတယ်၊ မိန်းမယူဘို့ ပယ်ချပါတယ်။

မိဘတွေကလည်း သားလေး ပင်ပန်းဆင်းရဲတာ အလုပ်တွေနဲ့ ပိနေတာကို မတွေ့လို မမြင်လိုကြပါ။ သားလေးအား အတန်တန် တောင်းပန်ပြီးတော့ အမျိုးသမီးတစ်ယောက်နဲ့ ပေးစားကြပါတော့တယ်။

အဲဒီအမျိုးသမီးက မိန်းမယုတ်ပါ။ တစ်ရက်၊နှစ်ရက်သာ မိဘတွေကို ပြုစုလုပ်ကျွေးပါတယ်။ နောက်တော့ ယောက္ခမ တွေကို မြင်တောင် မမြင်ချင်ပါ။

သူ့အမျိုးသားကို ရှင်ရဲ့ မိဘတွေနဲ့ အတူ တစ်အိမ်ထဲမှာ မနေနိုင်ပါ-လို့ စူစူအောင့်အောင့် ပြောပါတယ်။ အမျိုးသားက လည်း မိန်းမပြောစကားကို မနာယူပါ။ အတူတူ နေမြဲသာ နေနေပါတယ်။

တစ်နေ့တော့ အမျိုးသား အပြင်မှာ အလုပ်ကိစ္စနဲ့ သွားနေတဲ့အခါ အမျိုးသားအိမ်မှာ မရှိတဲ့အခါ အိမ်ရှိ ပစ္စည်း ပစ္စယများကို ပွစကျဲထားပါတယ်။ ယာဂုတွေ ထမင်းဟင်းတွေ ကို အိမ်ထဲမှာ ကျဲထားပါတယ်။ အမျိုးသား ပြန်လာတဲ့ အခါ "ဒါတွေက ဘာလဲ "လို့ မေးပါတယ်။

အဲဒီအခါ အမျိုးသမီးက ဒါတွေကို အကန်းကြီးတွေ အဖိုးကြီးတွေ အဖွားကြီးတွေ လုပ်ထားပါတယ်။ တစ်အိမ်လုံးကို ညစ်ပတ်နေအောင် လုပ်ထားကြတာပါ။ သူ့ဒီအကန်းကြီးတွေ အဖိုးကြီးတွေ အဖွားကြီးတွေနဲ့ အတူ မနေနိုင်ပါ-လို့ ပြောပြပါ တယ်။ တစ်ရက်လည်း မဟုတ်ပါ၊ နှစ်ရက်လည်း မဟုတ်ပါ။ နေစဉ် အခုလို လုပ်ပြပါတယ်။ အတန်တန် ပြောပြပါတယ်။ တစ်ကယ်တော့ အဲဒီမိန်းမရဲ့ လက်ချက်တွေချည်းသာ ဖြစ်ပါ တယ်။

အဲဒီအမျိုးသားဟာ ဂေါတမမြတ်စွာဘုရားရဲ့ လက်ဝဲတော်ရံ အဂ္ဂသာဝကဖြစ်မည့် တန်ခိုးအရာမှာ ဧတဒဂ်ဘွဲ့ထူးရရှိမည့် အရှင်မဟာမောဂ္ဂလ္လာန် အလောင်းအလျာဖြစ်ပါတယ်။ ဖြည့်ဆည်းပူးတဲ့ ပါရမီရှိတဲ့ အမျိုးကောင်းသားတစ်ယောက်ဖြစ်ပါတယ်။ **ပါရမီရှင်တစ်ယောက်ဖြစ်ပေမဲ့ မယားမိုက်ရဲ့ ကုန်းတိုက်စကားကြောင့် ကျေးဇူးရှင် မိဘတွေအပေါ်မှာ အထင်အမြင် လွဲသွားပါတော့တယ်။**

အမျိုးသားဟာ "ရှိပါစေတော့။ သင်တို့ ပြတဲ့အမှု တစ်နေ့တော့ သိရလိမ့်မယ်"လို့ တေးထား မှတ်ထားပါတော့တယ်။ တစ်နေ့တော့ မိဘတွေကို ထမင်းကျွေးပြီးတော့ အခုလို ပြောပြပါတယ်၊

အမေ အဖေတို့ ! အမေတို့ အဖေတို့ရဲ့ ဆွေမျိုးတွေက အမေ အဖေတို့ကို လာကြဘို့ ခေါ်နေကြပါတယ်။ ဆွေမျိုးတွေနဲ့ တွေ့ရအောင်သွားကြပါစို့"လို့ပြောပြပါတယ်။ မိဘနှစ်ပါးကို လှည်းပေါ်တင်ကာ ခေါ်သွားပါတယ်။

လူသူမရှိတဲ့ တောအုပ်အလယ်ရောက်တဲ့အခါ သူ့အဖေကို အခုလို ပြောပြပါတယ်၊

အဖေ ! ကြိုးကို ကိုင်ထားပါ။ နွားတွေက နှင်တံအထင်နဲ့ သွားကြပါလိမ့်မယ်။ ဒီတောအုပ်ထဲမှာ ဓားပြတွေနေကြပါတယ်။ ကျွန်တော် ဆင်းပါအုံးမယ်"လို့ ပြောပြီး အဖေရဲ့

လက်ထဲ ကြိုးပေးကာ ဆင်းလာခဲ့ပါတယ်။ အောက်ရောက်တဲ့အခါ သူရဲ့ ပင်ကိုယ်အသံကို တစ်မျိုးတစ်မည် ပြောင်းလိုက်ပါတယ်။

ဒီခေတ်မှာ ခွေးသံ ဝက်သံ ကြက်သံ ဥသြဆွဲသံစတဲ့ အသံတုလုပ်သလိုပါ။ သူက ဓားပြတွေ ဝိုင်းလာတဲ့အသံ လုပ်ပါတယ်။ မိဘနှစ်ပါးက အသံတွေကြားတဲ့အခါ 'ဓားပြတွေ လာပြီ' လို့ မှတ်ထင်ကြပါတယ်။

မိဘတွေက သားတည်းဟူသော ချစ်ခြင်းဖြင့် သားလေးကို အခုလို ပြောပြကြပါတယ်။

ချစ်သား ! အမေတို့ အဖေတို့ကတော့ အသက်ကြီးပါပြီ၊ သေခါနီးပါပြီ။ သားလေးသာ ကိုယ့်ကိုယ်ကို စောင့်ရှောက်ပါ။ သားလေးသာ လွတ်အောင်ပြေးပါ-လို့ ကရုဏာသက်စွာ ပြောပြကြပါတယ်။ အမျိုးသားဟာ မိဘတွေ သားလေးပြေးပြေး-လို့ အော်ပြောနေစဉ်မှာပင် ဓားပြတွေရဲ့ အသံကိုပေးကာ မိဘတွေကို ထောင်းထုပါတယ်၊ ရိုက်နှက်ပါတယ်။ မိဘတွေကို သတ်ပြီးတော့ တောအုပ်ထည်းမှာ ပစ်ထားခဲ့ပါတယ်။

မြတ်စွာဘုရားက အရှင်မဟာမောဂ္ဂလ္လာန်ရဲ့ ရှေးဘဝက ပြုခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံကို ဟောတော်မူပြီးတဲ့နောက်မှာ ဆက်လက်ပြီးတော့ မိန့်တော်မူပါတယ်၊

ရဟန်းတို့ ! မောဂ္ဂလ္လာန်ဟာ တောအုပ်အလည်မှာ မိဘတို့အား သတ်ခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံကြောင့် ဘဝသိန်းပေါင်းများစွာ ငရဲမှာ ဖြစ်ရပါတယ်၊ ဒီနေရာမှာ--

အနေကဝဿသတာသဟဿာနိ နိရယေ ပစ္စိတွာ-တဲ့

အနေကသချာလို့ ခေါ်ပါတယ်။ ဘဝတစ်သိန်းမကပါ၊ ဘဝ သိန်းပေါင်းများစွာလို့ အဓိပ္ပါယ်ရပါတယ်။

ငရဲက လွတ်လာတဲ့အခါမှာ မကောင်းမှုရဲ့ အကြွင်းအကျန် အကုသိုလ်ကံကြောင့် ဘဝတစ်ရာလုံးမှာ မိဘတွေကို သတ်သလို ယခုဘဝမှာ အသတ်ခံရသလို ထောင်းထု ရိုက်နှက်ခံရပါတယ်။ မှုန့်မှုန့်ညက်ညက်ကျေကာ အသေဆိုးနဲ့ သေရပါတယ်၊ ယခုမိန့်တော်မူခဲ့တဲ့အတိုင်း မောဂ္ဂလ္လာန်ဟာ သူပြုခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံအားလျော်စွာ မရှုမလှ သေရပါတယ်။

မောဂ္ဂလ္လာန်ဟာ ဘယ်သူမပြု မိမိမှုဆိုသလို မိမိကိုယ်တိုင်ပြုခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံအားလျော်စွာ သေရပါတယ်-လို့ မိန့်တော်မူပါတယ်။

မြတ်စွာဘုရားက ရဟန်းတော်များအား ယခုလို ဆက်လက်ကာ မိန့်တော်မူပါတယ်၊ ဓားပြငါးရာတို့နှင့် တိတ္ထိငါးရာတို့ဟာလည်း မပြစ်မှားသင့် မပြစ်မှားထိုက်တဲ့ ငါဘုရားရဲ့ သားတော်မောဂ္ဂလ္လာန်ကို ပြစ်မှားတဲ့အတွက်ကြောင့် အဇာတသတ်မင်းရဲ့ သေဒဏ်ပေးခြင်းကို ခံရပါတယ်။

မှန်ပါတယ် မပြစ်မှားသင့် မပြစ်မှားထိုက်တဲ့ ပုဂ္ဂိုလ်တို့ အပေါ်၌ ပြစ်မှားသောသူဟာ ယခုဟောပြမယ့် ဆယ်မျိုးသော အကြောင်းတို့တွင် အကြောင်းတစ်မျိုးမျိုးကြောင့် မျက်မှောက်ဘဝ မှာပင် ပျက်စီးခြင်းသို့ ရောက်ရပါတယ်-လို့ မိန့်တော်မူပါတယ် ယင်းဆယ်မျိုးမှာ--

၁။ ကြမ်းတမ်းသော ရောဂါဝေဒနာကို ခံစားရတတ်ပါ တယ်။

၂။ စည်းစိမ်ဥစ္စာ ပျက်စီးဆုံးရှုံးရပါတယ်။

၃။ လက်ခြေစသော ကိုယ်ခန္ဓာ အစိတ်အပိုင်း ပျက်စီးတတ် ပါတယ်။

၄။ ခြေခွင်ခြင်း မျက်စေ့ပျက်ခြင်း နူနာစွဲခြင်းစတဲ့ ရောဂါ ကြီးများ ဖြစ်တတ်ပါတယ်။

၅။ ရူးတတ်ပါတယ်။

၆။ မင်းမှ စည်းစိမ်ချမ်းသာ ရာထူး ဌာနန္တရ ပျက်စီးရ ပါတယ်။

၇။ စွပ်စွဲခံရတတ်ပါတယ်။

၈။ မိမိရဲ့ မှီခိုရာ အားကိုးရာဖြစ်တဲ့ ဆွေမျိုးများ ပျက်စီးတတ် ပါတယ်။

၉။ စည်းစိမ်ဥစ္စာများ သုံးမရ စွဲမရ ဖြစ်တတ်ပါတယ်။ ဥပမာ- အိမ်မှာရှိတဲ့ စပါးများ ပုတ်သွား ပျက်စီးသွားပါ

တယ်၊ ရွှေက မီးသွေးဖြစ်သွားပါတယ်၊ ပုလဲတွေက ဝါးစေ့များ ဖြစ်သွားကြပါတယ်၊ ငွေအသပြာတွေက အိုးခြမ်းကွဲများ ဖြစ်သွားကြပါတယ်၊ အခြေနှစ်ချောင်း အခြေလေးချောင်းရှိတဲ့ သတ္တဝါတွေက ကုန်းခြင်း ကောက်ခြင်းစတဲ့ ရောဂါဝေဒနာများ ခံစားရပါတယ်၊ အဲသလိုဆိုတော့ ဘယ်လိုလုပ် သုံးလို့ရတော့မှာလဲ။

၁၀။ မီးလောင်ခံရတတ်ပါတယ်။

အခုပြောပြခဲ့တဲ့ ဆယ်မျိုးတို့က မပြစ်မှားသင့် မပြစ်မှားထိုက်တဲ့ ပုဂ္ဂိုလ်ကို ပြစ်မှားရင် ယခုမျက်မှောက်ဘဝမှာပင် ကျရောက်တတ်တဲ့ မကောင်းကျိုး ဆိုးကျိုးများဖြစ်ပါတယ်၊ ကွယ်လွန်သွားတဲ့အခါမှာ မပြစ်မှားသင့် မပြစ်မှားထိုက်တဲ့ ရတနာသုံးပါး မိဘ ဆရာသမား ကျေးဇူးရှင်များကို ပြစ်မှားတဲ့သူဟာ ငရဲမှာ ဖြစ်ရပါတယ်။

မြတ်စွာဘုရားက အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ရဲ့ တွေ့ဆုံမေးမြန်းခန်းတရားတော် ယခု

**သစ္စံ ဘဏေ န ကုဇ္ဈေယျ ၊ ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော၊**

**ဧတေဟိ တီဟိ ဌာနေဟိ ၊ ဂစ္ဆေ ဒေဝါနံ သန္တိကေ၊**

ဆိုတဲ့တရားဒေသနာတော်အဆုံး နိဂုံးမှာ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့တတွေထဲမှာ အချို့ပုဂ္ဂိုလ်တွေက

သောတာပန်၊ တစ်ချို့က သကဒါဂါမ်၊ တစ်ချို့က အနာဂါမ်၊ အဲဒီလို အရိယာပုဂ္ဂိုလ်ဖြစ်ပြီးတော့ ကျွတ်တမ်းဝင်ကြပါတယ်။

ဒါကြောင့်မို့ ကဲ- တရားပွဲကုသိုလ်ရှင်ဖြစ်ကြတဲ့ ဦးမြင့်ဆွေ+ဒေါ်စန်းစန်းဦးတို့မိသားစုတတွေ ကြွရောက်လာကြတဲ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့တတွေ နေ့စဉ်နေ့စဉ် ဒါနကုသိုလ်လည်းပြုမယ်၊ သီလကုသိုလ်လည်း စောင့်ထိန်းမယ်၊ ဘာဝနာကမ္မဋ္ဌာန်းတွေလည်း စီးဖြန်းပွားများ အားထုတ်မယ်ဆိုရင် ပါရမီတွေ တဆင့်နဲ့တဆင့် မြင့်သည်ထက်မြင့်ပြီးတော့ နောက်ဆုံး နိဗ္ဗာန်ချမ်းသာအထိ ရရှိမှာပါ။

ဒါကြောင့် မိမိတို့ရဲ့ အားကိုးရာအစစ်ဖြစ်တဲ့ ဒါန သီလ ဘာဝနာကုသိုလ်ကောင်းမှုသုံးမျိုးကို အမြဲထာဝရ ကြိုးစား ပွားများ အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု- သာဓု- သာဓု၊

အမှတ်
ရက်စွဲ......

## အရှင်ဣန္ဒကာဘိဝံသ

# ဂုဏ်ပြုမှတ်တမ်းလွှာ

ဒီ"အင်တာဗျူးအစ အရှင်မဟာမောဂ္ဂလ္လာန်က" စာအုပ်ဖြစ်အောင် -

- တရားတိတ်ခွေမှ စာမူကြမ်း ကူးပေးခြင်း၊
- ကွန်ပျူတာစာစီစာရိုက်ခြင်း ပရူဖတ်ခြင်း၊
- စာမူစိစစ်ရေးသို့ တင်ပေးခြင်း
- စာအုပ်ရိုက်ခြင်း

စတဲ့လုပ်ငန်း ကိစ္စ အဝဝတို့ကို ဆောင်ရွက်ပေးကြတဲ့

အရှင်အဋ္ဌရိယ (ဓမ္မာစရိယ)

အရှင်ဝံသပါလ (ဓမ္မာစရိယ)

အရှင်စာရိတ္တ (ဓမ္မာစရိယ)

အရှင်ဇနက (အင်္ဂလိပ်စာပေဌာန-န-ပ-သ-ရန်ကုန်)

အရှင်ခန္တီဗလ (M.A Thesis) န-ပ-သ-ရန်ကုန်) တို့နှင့် တပည့်များ ဓမ္မဒါနပဒေသာပင် အလှူရှင်များစတဲ့ ပုဂ္ဂိုလ်များအား အထူးကျေးဇူးတင်ပါကြောင်း ဂုဏ်ပြုမှတ်တမ်း တင်ပါတယ်။

ချမ်းသာကြပါစေ

အရှင်ဣန္ဒကာဘိဝံသ

ပန္နလေးဝင်းတောရ

# ကျမ်းကိုး

- ဓမ္မပဒအဋ္ဌကထာ (ဒုတိယ)
- ထေရာပါဒါန်ပါဠိတော် (ပ-ဒု)
- ထေရဂါထာအဋ္ဌကထာ (ပထမ)
- ထေရဂါထာ၊ ထေရီဂါထာပါဠိတော်
- ပေတဝတ္ထုပါဠိတော်
- ပေတဝတ္ထုအဋ္ဌကထာ
- ရတနာ့ဂုဏ်ရည်

စာအုပ်စာပေများ ဆက်လက်ထုတ်ဝေနိုင်ရန်
လှူဒါန်းကြတဲ့

**ဓမ္မဒါနပဒေသာပင် ကုသိုလ်ရှင်များ**

## ကျပ်ခြောက်သိန်းကုသိုလ်ရှင်

၁။ ကိုဇော်နိုင်+မခင်နှင်းနှင်းရီ၊ သမီး-မခင်ဖြိုးဖြိုးသော်၊
သား-မောင်ဝေယံဖြိုးဦး၊ ၄၃-ကွက်၊ ရှမ်းဝိုင်း၊
ဌာနီအရှေ့၊ မန္တလေးမြို့၊

၂။ ဒေါ်စန်းမြင့်အားရည်စူး၍၊ ဦးအေးကျော်ကို အမှူးထား၍
ကိုခင်မောင်ဝင်း+မထားထားခိုင်၊
သား-မောင်ဝေယံထွန်း၊ သမီး-မနဒီဝင်း၊
၂၃-လမ်း၊၈၇-၈၈လမ်းကြား အင်းဘဲကြီးရပ်၊
မန္တလေးမြို့။

## ကျပ်ငါးသိန်းကုသိုလ်ရှင်

၁။ ဦးဝင်းအောင်+ဒေါ်ခင်လှ၊ သား-မောင်သိန်းအေးဝင်း
သမီး-မစိမ်းမို့မို့၊ မမို့မို့စမ်း၊ ၇၆-စည်သာလမ်း၊
ဥပုသ်တော် ၊ မန္တလေးမြို့၊

## ကျုပ်သုံးသိန်းကုသိုလ်ရှင်

၁။ ဦးစိန်ဝင်းမြင့်+ဒေါ်မာမာထွေး၊ “ပဲမျိုးစုံရောင်းဝယ်ရေး” မိသားစု၊ ဓမ္မာရုံလမ်း၊ အလယ်ရပ်၊ မုံရွာမြို့။

## နှစ်သိန်းငါးသောင်းကုသိုလ်ရှင်

၁။ ဦးတူး+ဒေါ်ခင်ဝင်း၊ “လပြည့်ဝန်း”မိသားစု၊ မိဘဈေးရပ်၊ မန္တလေးမြို့။

## ကျုပ်နှစ်သိန်းကုသိုလ်ရှင်

၁။ နှစ်ဖက်မိဘများကိုအမှူးထား၍ ဦးသန်းအေး+ဒေါ်တင်တင်အောင်၊ သား- မောင်ကောင်းမြတ်ကျော်၊ သမီး-မမြတ်မြတ်ထွန်း၊ မိသားစု၊ အမှတ်-၆၁/၆၃၊ ၃-လွှာ ဆင်မင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊

## ကျုပ်တစ်သိန်းငါးသောင်းကုသိုလ်ရှင်

၁။ ဒေါက်တာစိန်မြင့်+ဒေါ်ညွန့်ညွန့်ဝေ သား-ဒေါက်တာ အောင်မြင့်မြတ်၊ မောင်မိုးဝေမြင့်၊ မောင်ထက်မြတ် အောင်၊ မိသားစု၊ ၃၄-ကွက်၊ ရှမ်းဝိုင်း၊ ဌာနီအရှေ့၊ မန္တလေးမြို့၊

၂။ ဦးစိုးမောင်အားရည်စူး၍ ဒေါ်ကြည်မြင့်မိသားစု၊
လင်းဇင်းရပ်၊ မန္တလေးမြို့၊

## ကျပ်တစ်သိန်းကုသိုလ်ရှင်များ

၁။ ဦးကျော်ဝင်း+ဒေါ်သန်းသန်း မိသားစု၊
၇၆-စည်သာလမ်း၊ ဥပုသ်တော်၊ မန္တလေးမြို့၊

၂။ ဦးအေးကျော်+ဒေါ်မြမြ၊ ညီမ-ဒေါ်စိန်စိန် မိသားစု
၁၈-လမ်း၊ ၈၁×၈၂-လမ်းကြား၊ မန္တလေးမြို့၊

၃။ ဦးသိန်းမောင်+ဒေါ်တင်တင်မိသားစု၊
စကားဝါအထည်ဆိုင်၊ ဆရာစံဈေး၊ မန္တလေးမြို့၊

၄။ ကွယ်လွန်သူ ဦးသံလုံးအားရည်စူး၍ ဒေါ်ဆယ်
မိသားစု၊ အကွက်-၂၃၊ ဥပုသ်တော်၊ မန္တလေးမြို့၊

၅။ ဦးထွန်းမောင်ဝင်း+ဒေါ်မြသောင်းမိသားစု
သောင်းထွန်းနှင့်ညီများ ကားပစ္စည်းရောင်းဝယ်ရေး၊
စက်မှုဇုံ(၁)၊ မန္တလေးမြို့၊

၆။ ကိုကျော်ထွန်း+မဥမ္မာ၊ သား-အောင်မျိုးကျော်၊
ဉာဏ်လင်းထွန်း၊ သီဟမင်းထက်၊ စက်မှုဇုံ(၁)
မန္တလေးမြို့။

၇။ ကိုတင်မျိုးဝင်း+မအေးလှ၊ သား-ဟိန်းလင်းထွန်း၊ အောင်လင်းထွန်း၊ ဟန်လင်းထွန်း၊ စက်မှုဇုံ(၁) မန္တလေးမြို့။

၈။ ကိုတင်မျိုးထွန်း+မတင်ဇာဝင်း၊ သမီး-မေဇင်ကို၊ အိမ့်လဲ့ကို၊ စက်မှုဇုံ(၁) မန္တလေးမြို့။

၉။ ဦးမြင့်လွင်+ဒေါ်သောင်းသောင်း
သား-ထွန်းဦးလွင်၊သမီး-တင့်တင့်လွင်၊
အကွက်(၂၈)ကြေးသွန်းမြင်းတန်းရပ်

၁၀။ ကိုဝင်းသူ+မအမာကြည်၊ သမီး-ကေခိုင်မြင့်၊ သား-ပြည့်ဖြိုးလျှံ၊ ဥပုသ်တော်ရပ်၊ မန္တလေးမြို့။

၁၁။ ဦးသန်းနိုင်(အင်္ဂလိပ်စာ)+ဒေါ်ကြည်ကြည်မြင့်၊ မိသားစု၊ ၃၄-ကွက်၊ ဌာနီအရှေ့၊ မန္တလေးမြို့။

၁၂။ ဦးကျော်စိန်+ဒေါ်တင်အုန်း၊ ဒေါ်ပု၊ သမီး-မမြင့်မြင့်သန်း၊ မပိုပိုတို့အား ရည်စူး၍၊ ဦးမြင့်အောင်+ဒေါ်နွဲ့နွဲ့စန်း၊ ၂၉-ကွက်၊ လှေတန်းရပ်၊ မန္တလေးမြို့။

၁၃။ ကိုကိုဝင်း+မမိုးမိုးထွေး၊ မင်္ဂလာဦးဒါန၊ မန္တလေးမြို့။

၁၄။ ဦးအောင်ကြည်+ဒေါ်လှပြုံး၊ သမီး-မသန်းသန်းဆွေ၊ "မွေးနေ့အလှူ"၊ "မနှင်းနှင့်မောင်ညီမများ" ပန်းကန် ခွက်ဗူးရောင်းဝယ်ရေး၊ မန္တလေးမြို့။

၁၅။ ဦးထွန်းလင်း+ဒေါ်တင်တင်ဌေး၊
သား-မောင်ဟိန်းထက်အောင်"မွေးနေ့အလှူ"၊
သမီး-မမြတ်မြတ်လင်း၊
"သန့်ဇင်မြတ် ပန်းကန်,ဓာတ်ဗူးရောင်းဝယ်ရေး"
မန္တလေးမြို့။

## ကျပ်ငါးသောင်းကုသိုလ်ရှင်

၁။ ဦးခင်မောင်အေး+ဒေါ်ဝင်းဝင်း၊
သား-မောင်ငြိမ်းဟန်၊ မောင်လှိုင်ဝင်း၊
သမီး-မကြူကြူနိုင်၊ မဝါဝါနိုင်၊ မကေသွယ်အေး၊
"အေးဝင်း"စက်မှုလက်မှု မိသားစု၊ မြို့ပေါ်တန်း၊
မန္တလေးမြို့၊
၂။ အရှင်သုမန ခိုချောင်းကျောင်း၊ ခိုချောင်းရွာ၊
၃။ ဦးဟန်မြင့်+ဒေါ်ကြည်လေး မိသားစု၊ ခိုချောင်းရွာ၊
၄။ ကိုကျော်လင်း+မစန်းမြင့် မိသားစု၊ ခိုချောင်းရွာ၊
၅။ ဦးရှင်+ဒေါ်ပု၊ သမီး-ဒေါက်တာသောင်းသောင်းနု၊
သူရပ်တပ်၊ မန္တလေး၊
၆။ မသင်းသင်း စက်မှုဇုံ(၁) မန္တလေးမြို့၊

၇။ မနွယ်နွယ်၊ မလှလှတင့် ချိုချိုသိန်း ဆွမ်းနှင့်ဘွမ်း
ပစ္စည်း ရောင်းဝယ်ရေး နန်းရှေ့ဈေး၊ မန္တလေးမြို့၊
၈။ ကိုညိုဝင်း+ မဌေးကြည် သား-စိုးစံမောင်၊
ဝင်းရတနာ ကိတ်နှင့်ရေခဲမုန့်

### ကျပ်နှစ်သောင်းကုသိုလ်ရှင်

၁။ ကိုလင်းထင်+မသဥ္ဇာဦး မင်္ဂလာ(၁)နှစ်ပြည့်
အထိမ်းအမှတ်ဓမ္မဒါန

### ကျပ် တစ်သောင်းငါးထောင်ကုသိုလ်ရှင်

၁။ ပိုင်ဖြိုးထက် ၃-နှစ်ပြည့်မွေးနေ့အလှူ

### ကျပ်တစ်သောင်းကုသိုလ်ရှင်

၁။ ဗိုလ်ကြီးနိုင်လင်းထွန်း + ဒေါ်နန်းဇာဇာဝင်း၊
သားလေး အောင်ဘုန်းလင်း တစ်နှစ်ပြည့်
မွေးနေ့အလှူ။
၂။ ဦးမောင်မောင်တင်(၄)ပြည့်အားရည်စူး၍
ဒေါ်ခင်ဆွေရီ မိသားစု၊ လင်းဇင်းရပ် မန္တလေးမြို့။